မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၀ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

နေပြည်တော် ဇူလိုင် ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၆ရက်တွင် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးသည်။

ပေးအပ်

ထို့နောက် ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတိုးချဲ့ဆောက်လုပ်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဖြည့်စွက်မှာကြားကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

ပညာရည်အဆင့်အတန်းမြင့်မားလာမှုနှင့်အတူ ပညာသင်ယူမှုအခွင့်အလမ်း တစ်ပြေးညီဖြစ်စေရန် ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)အဆောက်အအုံကို ဤသို့ ကြွားကြွားဝင့်ဝင့် တွေ့မြင်ရသည်။

ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသော

ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများ

သတင်းဆောင်းပါး ➢ မောင်မောင်ထွေး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု ➢ မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၉

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ၏အားဖြင့်သာ တည်ဆောက်ကြရပါမည်။

သို့မို့ကြောင့် နိုင်ငံတော်အစိုးရသည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် အနာဂတ် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံတကာအဆင့်မီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)စီမံကိန်းကို ချမှတ်၍ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း တက္ကသိုလ်/ကောလိပ်များကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

10-7 (01).pmd 1 7/10/2010, 1:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁၀ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းကွန်ရက်များ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လမ်းကွန်ရက်များကို အရှေ့အနောက်၊ တောင်မြောက် ဖောက်လုပ်လျက်ရှိရာ ၁၉၈၈ခုနှစ်မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅မိုင်ရှိခဲ့ရာမှ ယခုအခါ ၂၁၃၆၀မိုင် ၂ဖာလုံ ရှိလာခဲ့သည်။ ထပ်တိုးလမ်းများအဖြစ် လမ်းမိုင်အရှည် ၁၁၄၇မိုင် ၁ဖာလုံကို ထပ်မံဖောက်လုပ်မည်ဖြစ်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင်အရှည် ၁၂၅မိုင် ၁ဖာလုံကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ် လမ်းကွန်ရက် ၁၀လမ်းမှ အမှတ် (၉)လမ်း ပုသိမ်- သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင်ကိုလည်း ၂၀၁၀ခုနှစ် မေလက ကတ္တရာလမ်းအဖြစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆောလမ်းကို ဧပြီလ ၃၀ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ရာ ဆောမြို့မှ ကျောက်ထု- ထီးလင်း၊ ရေမျက်နီ- ဂန့်ဂေါ-ကလေးမြို့သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပဒါန်းနှင့် ဆက်စပ်နေသည့်အတွက် ပဒါန်းမှ ရခိုင်ပြည်နယ် အမ်းမြို့သို့လည်းကောင်း၊ မင်းဘူးမြို့သို့လည်းကောင်း၊ ပုသိမ်-မုံရွာလမ်းအတိုင်း ပုသိမ်မြို့သို့လည်းကောင်း၊ မြောက်ဦးမှ ပုသိမ်-မုံရွာလမ်းကိုဖြတ်၍ စလင်းမြို့သို့လည်းကောင်း၊ ဆောမြို့နယ် သီးကုန်းကျေးရွာမှ ပုသိမ်- မုံရွာ လမ်းကိုဖြတ်၍ ဆိပ်ဖြူသို့လည်းကောင်း၊ ဆောမြို့မှ ချင်းပြည်နယ် ကန်ပက်လက်သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ပုသိမ်-မုံရွာလမ်းသည် မြို့နယ်သုံးမြို့နယ်နှင့် ကျေးရွာပေါင်း ၄၀တို့ကို ဆက်သွယ်ဖောက်လုပ်ထားသဖြင့် ဒေသခံပြည်သူများ လူမှုအကျိုးစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ရပြီး ကူးသန်းရောင်းဝယ်မှု လွယ်ကူခဲ့ရသည်။

ကျေးလက်ဒေသနေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေပြီး လူမှုဘဝမြှင့်တင်ပေးနိုင်မည့် ခရိုင်ချင်းဆက်လမ်းမကြီးများဖြစ်သည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၁)၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တို့ကိုလည်း ဖောက်လုပ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း လမ်းမကြီးများ၊ လမ်းသွယ်များ အဆင့်မြှင့်တိုးချဲ့ ဖောက်လုပ်ခဲ့သဖြင့် မြန်မာနိုင်ငံအနှံ့အပြား အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ဘရာဇီးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအဂ္ဂတဲလ်လက်စ်ရီဘိုင်ရိုသည် ယမန်နေ့ ညနေ ၅နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

လုပ်သားများကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးဆွေးနွေးပွဲ ဝန်ကြီး ဦးအောင်ကြည် တက်ရောက်မှာကြား

နေပြည်တော် ဇူလိုင် ၉

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၃ရက် နံနက်ပိုင်းက မန္တလေးမြို့ စက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်သားများကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မှာကြား

ဆွေးနွေးပွဲတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန မန္တလေးတိုင်း တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက အလုပ်သမားများ၏ ကျွမ်းကျင်မှု စံသတ်မှတ်ရေးကိစ္စရပ်များကို ရှင်းလင်း တင်ပြပြီး စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်က စက်မှုဇုန်၏ လုပ်ငန်းအခြေအနေများကိုတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့၌ ဖွင့်လှစ်ထားသော အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း၌ ဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင်မှု အခြေခံသင်တန်း (၂/၂၀၁၀) ဖွင့်လှစ်ထားရှိမှုနှင့် အလုပ်သမားများ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းဖွင့်လှစ်ရေးအတွက် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှု(၁)အထူးဈေးရောင်းပွဲ ကျောက်တန်း၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မြို့နယ်အားကစားရုံတွင် ဇူလိုင် ၉ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခင်မမ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဓာတုဗေဒပစ္စည်းစက်ရုံမှူး ဦးမောင်မောင်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အထူးဈေးရောင်းပွဲတော်ကို ဇူလိုင် ၉ရက်မှ ၁၅ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိကျင်းပပြီး လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်းအလှပင်များ စိုက်ပျိုး

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၁၂ရက်က တောင်တွင်းကြီး-မြို့သစ် -နတ်မောက်လမ်းဘေး လွတ်လပ်ရေးပန်းခြံရှေ့တွင် မြေယာရှုခင်း အလှဆင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၀-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၁၉)
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **အချစ်ဆိုတဲ့အကွာရာ** မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်၊ ခင်လေးနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၀)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖိုဆောင်ချစ်သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ရည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၄)
၂၃။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၈)

၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၁:၀၀ **၁။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(Live) ဥရုဂွေး နှင့် ဂျာမနီ (တတိယနေရာလုပွဲ)**

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈၀/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ အကွက်(၁)ရပ်ကွက်၊ ဆင်ကူးလမ်း၊ အိမ်အမှတ်(၁၁၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၇) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈၁/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်(၃)၊ အခန်း(၁၀၃)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီအား ၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃၈) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စွမ်းအင်ဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ

ဝန်ကြီးဦးလွန်းသီ စိန်တစ်လုံးသရက်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၉

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ တက်ရောက်အားပေးပြီး စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိန်တစ်လုံးသရက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ ခုနှစ်မှ စတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည် သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း ၅၀၀၀၀ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခုဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်၊ ဟော်လန်သံပရာ၊ ပိန္နဲ၊ မန်ကျည်း၊ ဒန့်သလွန်၊ ဆူးပုပ် စသည့် သီးပင်စားပင်များနှင့် စိန်ပန်း၊ ပိတောက်၊ ကုက္ကို၊ မဲဇလီစသည့် အရိပ်ရလေကာပင်မျိုးစုံ ၄၀၀၀ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၄၀၀၀ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်း သစ်ပင်စိုက်ပျိုး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။ (စွမ်းအင်)

ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၄ရက်က ကျင်းပရာ ဒုရဲအုပ် တင်မောင်သော်-ဆရာမ ဒေါ်သီတာအေး တို့၏သား တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မောင်ကောင်းမြတ်သူအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၁၄ရက်
(အဖိတ်နေ့)
၁၀-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ Local Talent
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၀၀ ၅။ Yan Can Cook
၁၂:၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ** (အပိုင်း-၂၃)
၁၃:၂၅ ၇။ လောကနီတိ (၅) **မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ**
၁၄:၂၅ ၈။ တေးဂီတအစီအစဉ်
၁၄:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၄:၃၅ ၁၀။ အဆိုပြိုင်ပွဲ
၁၄:၅၀ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တစ်သက်စာ
၅:၁၅ ၇။ **ကမ္ဘာ့ဖလားပုံရိပ်များ** (အပိုင်း-၁၆)
၅:၂၅ ၈။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ် (မြတ်နိုးဝေ) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၁၉)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ထာဝရ တို့မြေအလှ** ဟေမာနေဝင်း၊ တေးရေး-ပက်ထရစ် (မိုးသောက်ပန်း)
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၀)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံး မြေဆုံး** (အပိုင်း-၁)
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)

၁၁-၇-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၁:၀၀ ၁။ **ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ဂျာမနီ နှင့် ဥရုဂွေး (တတိယနေရာလုပွဲ)**
၂။ အစီအစဉ်ပြီး၏။

သမ္မတအိုဘားမား၏ လုပ်ဆောင်ချက်များအပေါ် အမေရိကန်တို့၏ ထောက်ခံမှုကျဆင်းလာ

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန် သမ္မတအဖြစ်ဆောင်ရွက်သည့် သမ္မတအိုဘားမား၏လုပ်ဆောင်ချက်များအပေါ် အမေရိကန်ပြည်သူတို့၏ ထောက်ခံမှု ကျဆင်းလာကြောင်း ဇူလိုင် ၇ရက်က ထုတ်ပြန်သည့် ဂေါလပ်ပြည်သူ့ဆန္ဒ သဘောထားရယူချက်အရ သိရသည်။

မဲဆန္ဒရှင်ပြည်သူ ၃၈ ရာခိုင်နှုန်းကသာ သမ္မတ အိုဘားမား၏ လုပ်ဆောင်ချက်များကို ထောက်ခံကြောင်းတွေ့ရှိသဖြင့် ယင်းမှာ ၄၀ ရာခိုင်နှုန်းအောက်သို့ ပထမဆုံးအကြိမ် ကျဆင်းသွားခြင်းဖြစ်သည်။

ထောက်ခံမှုရရှိ

သမ္မတအိုဘားမားမှာ နိုင်ငံရေးပါတီများအကြား ထောက်ခံမှုလည်းကျဆင်းလာခဲ့သည်။ သို့သော် ဒီမိုကရက်တစ်ပါတီဝင်များ၏ ထောက်ခံမှုကို သမ္မတအိုဘားမားအနေဖြင့် ၈၁ရာခိုင်နှုန်း ထောက်ခံမှုရရှိထားဆဲဖြစ်သည်။

စီးပွားရေးချည့်နဲ့မှု၊ မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံယိုဖိတ်မှုနှင့် အာဖဂန်နစ္စတန်စစ်ပွဲတို့သည် သမ္မတအိုဘားမားအပေါ် အားပေးထောက်ခံမှုကျဆင်းစေသည့်အကြောင်းများ ဖြစ်နိုင်သည်ဟု ယူဆရသည်ဆို၏။ (အင်တာနက်)

ယိုဖိတ်ရေနံများ ငါးနိုင်ငံသို့ ပျံ့နှံ့

အမေရိကန်နိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့အတွင်း ယိုဖိတ်လျက်ရှိသော ရေနံများကို ဘီပီကုမ္ပဏီက ရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည်ကို ဇူလိုင် ၈ရက်က တွေ့ရစဉ်။ (ယင်းယိုဖိတ်နေသော ရေနံများမှာ ပင်လယ်ကွေ့အတွင်းရှိ နိုင်ငံငါးနိုင်ငံသို့ ပျံ့နှံ့လျက်ရှိကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။)

(အင်တာနက်ဓာတ်ပုံ)

ပင်လယ်နီတောင်ပိုင်း၌ ရေနံတင်သင်္ဘောကို ဓားပြများအပိုင်စီး

မနီလာ ဇူလိုင် ၉

ပင်လယ်နီတောင်ပိုင်း၌ ဖိလစ်ပိုင် သင်္ဘောသား ၁၈ ဦးလိုက်ပါသည့် ရေနံတင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက အပိုင်စီးလိုက်ကြောင်း ဇူလိုင် ၈ရက်က ယင်းဒေသတွင်းရှိ ဥရောပရေတပ် လုံခြုံရေးက သတင်းထုတ်ပြန်သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ရက်က အေဒင် ပင်လယ်ကွေ့နှင့် ပင်လယ်နီအကြား ရေလက်ကြားအနီး၌ ချောဆီတင်ဆောင်လာသည့် ကုန်တင်သင်္ဘော မောင်းနှင်လာစဉ် ပစ်ခတ်ခံရပြီးနောက် ဇူလိုင် ၈ရက်တွင် ၎င်း သင်္ဘောနှင့် ဆက်သွယ်မှုပြတ်တောက်ခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

တာဝန်ချထား

အေဒင်ပင်လယ်ကွေ့၌ သင်္ဘောများ ပြန်ပေးဆွဲ အပိုင်စီးမှုများ အရှိန်မြင့် လုပ်ဆောင်ခြင်းကို ဟန့်တားနိုင်ရေးအတွက် နိုင်ငံတကာ လုံခြုံရေးအစောင့် သင်္ဘောများ တာဝန်ချထားလျက်ရှိသည်။

ယခင်နှစ်က ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှု ၂၀၀ကျော်တွင် ၆၈ကြိမ် အပိုင်စီးခံရပြီး ဖမ်းဆီးခံထားရသူများအား ပြန်ရွေးရငွေပမာဏသည် အမေရိကန် ဒေါ်လာသန်း ၁၅၀ ရှိခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပန်းကန်ပြားပျံ ပျံသန်းလာမှုကြောင့် တရုတ်၌ လေကြောင်းခရီးစဉ်များ ထိခိုက်

ဟန်ကျိုး ဇူလိုင် ၉

တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲကျန်းပြည်နယ် ဟန်ကျိုးမြို့၌ ဇူလိုင် ၈ရက်က ပန်းကန်ပြားပျံ(ယူအက်ဖ်အို) ပျံသန်းလာမှုကြောင့် လေကြောင်းခရီးစဉ်များ ဖရိုဖရဲ ဖြစ်ခဲ့ရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနေ့ည ၉နာရီခန့်က ပန်းကန်ပြားပျံ(ယူအက်ဖ်အို)ကို တွေ့ရှိပြီးနောက် ဆင်ရှန်လေဆိပ်ကို ပိတ်ထားလိုက်ပြီး ဇူစီမြို့ရှိ နန်ဘိုလေဆိပ်သို့ လမ်းကြောင်းပြောင်းခဲ့ရသည်ဟု လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကြေညာ

အဆိုပါ ဆင်ရှန်လေဆိပ် ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးကာ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တူရကီ၌ ပီကေကေအဖွဲ့ တိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၀၀၀၀ ခန့် သေဆုံး

အန်ကာရာ ဇူလိုင် ၉

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဘက်မန်ပြည်နယ်၌ တူရကီတပ်ဖွဲ့နှင့် ပီကေကေ သူပုန်တို့ တိုက်ပွဲဖြစ်ပွားရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရာရှိတစ်ဦးအပါအဝင် သုံးဦး ဒဏ်ရာရရှိကြောင်း ဇူလိုင် ၉ရက်တွင် ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံမြောက်ပိုင်း တောင်ကြားဒေသမှ တူရကီနိုင်ငံသို့ ပီကေကေ ပြောက်ကျား သူပုန်တို့ရောက်ရှိကာ တိုက်ခိုက်မှုများ အရှိန်မြင့်လျက်ရှိသည်ဟု တူရကီ တပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

တူရကီတပ်ဖွဲ့၊ အမေရိကန်နှင့်ဥရောပသမဂ္ဂအဖွဲ့တို့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့သည့် ပီကေကေအဖွဲ့က တူရကီအရှေ့တောင်ပိုင်းဒေသကို သိမ်းပိုက်လို၍ လက်နက်ကိုင်တိုက်ခိုက်သဖြင့် ၁၉၈၄ခုနှစ်ကတည်းက လူပေါင်း ၄၀၀၀၀ခန့် သေဆုံးခဲ့ပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရောမငွေဒင်္ဂါးအိုးတွေ့ရှိ

အင်္ဂလန်နိုင်ငံအနောက်တောင်ပိုင်း လယ်ကွင်းတစ်ကွင်း၌ ဗြိတိန်နိုင်ငံသား တစ်ဦးက ရောမငွေဒင်္ဂါးအိုးကြီးတွေ့ရှိခဲ့ရာ ဇူလိုင် ၈ရက်က အင်္ဂလန်ပြတိုက်ဝန်ထမ်း တစ်ဦးက ပြသနေစဉ်။ (ယင်းငွေဒင်္ဂါးအိုးကြီးအတွင်း ငွေဒင်္ဂါးပြား ၅၂၀၀ပါရှိကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့ ပွဲတော်ကာလ၌ ဗုံးပေါက်ကွဲမှု ၅၄ဦးသေဆုံး၊ ၃၅၉ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကာဇီယာဒေသရှိ ဘာသာရေးပွဲတော်တစ်ခုကို ဇူလိုင် ၈ရက်က အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ ၅၁ဦးသေဆုံးပြီး ၃၁၈ဦး ဒဏ်ရာရသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ပေါက်ကွဲမှုသည် ၂၄နာရီအတွင်း သေဆုံးသူဦးရေ တိုးမြင့်လာရာ ၅၄ဦး သေဆုံးပြီး ၃၅၉ဦး ဒဏ်ရာရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဇူလိုင် ၉ရက် နံနက်ပိုင်းက ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပွဲတော်လာပြည်သူ သုံးဦး သေဆုံးပြီး အခြား ၃၁ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

ရောက်ရှိ

ဘဂ္ဂဒက်မြို့ ကာဇီယာဒေသ၌ ပွဲတော်ကာလအတွင်း ဘဂ္ဂဒက်မြို့နှင့် အခြားသောပြည်နယ်များမှ ခရီးသည် တစ်သန်းခန့် နှစ်စဉ်ရောက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားတွင် ယာဉ်မတော်တဆမှု ထိခိုက်ဒဏ်ရာရရှိသူ ၆၀၀၀ ရှိနိုင်

ဖနောင်ပင် ဇူလိုင် ၉

ယခုနှစ် ပထမခြောက်လပတ်အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၆၀၀၀ ရှိနိုင်ကြောင်း သိရသည်။

သိရှိ

ဇန်နဝါရီလမှ ဇွန်လအတွင်း ယာဉ်မတော်တဆမှု ၃၀၄၀ရှိပြီး ၎င်းအထဲတွင် သေဆုံးသူ ၉၃၁ဦး၊ ဒဏ်ရာပြင်းထန်သူ ၂၈၅၃ဦးနှင့် ဒဏ်ရာအနည်းငယ်ရရှိသူ ၂၅၆၂ဦးရှိသည်ဟု ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဖော်ပြ

၎င်းပမာဏသည် ပြီးခဲ့သည့် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် သေဆုံးသူဦးရေ ဝဒသမ ၃၇ရာခိုင်နှုန်းကျဆင်းပြီး ဒဏ်ရာအနည်းငယ်ရရှိသူဦးရေ ၁၄ရာခိုင်နှုန်း ကျဆင်းသည်ဟု ဆိုသည်။ သို့ရာတွင် စုစုပေါင်း ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာမူ ၇ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယခုနှစ် ပထမခြောက်လပတ်အတွင်း ဆိုင်ကယ်တိမ်းမှောက်မှု ၃၅၂၀၊ ကားတိုက်မှု ၉၇၅နှင့် ကုန်တင်ကားတိမ်းမှောက်မှု ၃၁၅မှုရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ်သတင်း

တရုတ်တောင်ပိုင်း ရေလွှမ်းမှု ၁၅ဦးသေဆုံး ထောင်ပေါင်းများစွာတို့ ရေဘေးကြုံနေရ

➤ ဝင့်မာသွင် - စုစည်းသည် ➤

ပေကျင်း ဇူလိုင် ၉

တရုတ်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၈ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမှုများ ဖြစ်ပေါ်ကာ အနည်းဆုံး ၁၅ဦး သေဆုံးပြီး ငါးဦးထက်မနည်း ပျောက်ဆုံးနေကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းရေကြီးမှုကြောင့် ကားလမ်းနှင့် ရထားလမ်းများ ပျက်စီးသွားသဖြင့် ခရီးသည်များ ဘူတာများ၌ သောင်တင်နေကြကြောင်းသိရသည်။ (ဝဲပုံ)

ဆုံးရှုံး

ယင်းရေကြီးမှုကြောင့် ဟူနန်ပြည်နယ်တွင် ခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း၊ ပြည်သူ ၇၆၀၀၀၀ ရှိသည့်အနက် ပြည်သူ ၅၆၀၀၀ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရကြောင်း သတင်း၌ ဖော်ပြသည်။ အဆိုပါ ရေကြီးမှုကြောင့် အမေရိကန်ဒေါ်လာ ၁၄၇သန်း ထိခိုက်ဆုံးရှုံးခဲ့သည်ဟု အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အကြမ်းဖက်သမားဟု သံသယရှိသူသုံးဦးအားဖမ်းဆီး

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မြေအောက်ဘူတာရုံတွင် ပြီးခဲ့သည့်နှစ်က အသေခံဗုံးခွဲတိုက်ခိုက်သူများနှင့် ဆက်စပ်လျက်ရှိသည့် သံသယဖြစ်ဖွယ်အကြမ်းဖက်သမားသုံးဦးကို နော်ဝေလုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၉ရက်၌ ဖမ်းဆီးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

တောင်အာဖရိကကုမ္ပဏီ အင်ဒိုနီးရှား၌ရင်းနှီးမြှုပ်နှံမည်

တောင်အာဖရိကနိုင်ငံမှ သာဆိုလ်နိုင်ငံတကာစွမ်းအင်ကုမ္ပဏီက အင်ဒိုနီးရှားနိုင်ငံ၌ ကျောက်မီးသွေး စွမ်းအင်ထုတ်ယူရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် နှစ်ဖက်ထိပ်တန်းကိုယ်စားလှယ်များ ဇူလိုင် ၉ရက်၌ သဘောတူညီခဲ့ကြကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားရှိ ဂျပန်သံရုံး လုံခြုံရေးတိုးမြှင့်

ဂျပန်ထိပ်တန်းသံတမန်တစ်ဦး တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ဇူလိုင် ၈ရက်က လာရောက်စဉ် တိုက်ခိုက်ရန် ကြိုးစားသူတစ်ဦး၏လုပ်ရပ်ကြောင့် ဇူလိုင် ၉ရက်မှစတင်ကာ ဆိုးလ်မြို့ရှိ ဂျပန်သံရုံးအနီးတွင် လုံခြုံရေးတိုးမြှင့်ချထားလိုက်ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေါ်လာဈေးနှုန်း အနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုမြို့ ငွေကြေးဈေးကွက်၌ ဂျပန်ယန်း ၈၈ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း ဇူလိုင် ၉ရက်၌ သတင်းထုတ်ပြန်သည်။

မလေးရှားနှင့်အိန္ဒိယ ကုန်သွယ်ရေးတိုးမြှင့်လာ

မလေးရှားနှင့် အိန္ဒိယနှစ်နိုင်ငံတို့ အပြန်အလှန်ကုန်သွယ်ရေးတိုးမြှင့်ခဲ့ရာ အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံ၏ ၁၂နိုင်ငံမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသကဲ့သို့ မလေးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ၁၃နိုင်ငံမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသည်အထိ ကုန်သွယ်မှုတိုးတက်လာခဲ့ကြောင်း ဇူလိုင် ၉ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ငံတကာစာအုပ်ပြပွဲ တိုကျို၌ဖွင့်လှစ်

(၁၇)ကြိမ်မြောက် တိုကျိုနိုင်ငံတကာစာအုပ်ပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၈ရက်မှ စတင်ဖွင့်လှစ်ပြသခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ခန့်က စာအုပ်ထုတ်ဝေသူ ၁၀၀၀ခန့် လာရောက်ခင်းကျင်းပြသလျက်ရှိပြီး စာအုပ်ပြပွဲသမိုင်းတွင် စာအုပ်ခင်းကျင်းပြသသူ အများဆုံးဖြစ်ကြောင်း ဂျပန်အရာရှိများက ဇူလိုင် ၉ရက်၌ ပြောကြားသည်။

နယူးယောက်မြို့၌ မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ နယူးယောက်မြို့ အရှေ့ဟူစတန်လမ်းတွင် ဇူလိုင် ၈ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုသည် မိနစ် ၄၀ ကြာမြင့်ခဲ့ကြောင်း နယူးယောက်မြို့ ရဲတပ်ဖွဲ့က ဇူလိုင် ၉ ရက်၌ ပြောကြားသည်။ ***(အပေါ်ပုံ)***

ကမ္ဘောဒီးယားက နေစွမ်းအင် ပိုမိုသုံးစွဲမည်

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ကျေးလက်များတွင် လာမည့်ဆယ်စုနှစ်တွင် နေစွမ်းအင် ပိုမိုသုံးစွဲနိုင်ရေးအတွက် နေစွမ်းအင်သုံးပစ္စည်းများ ပိုမိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားစွမ်းအင်အရာရှိများက ဇူလိုင် ၉ရက်၌ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုမြောက်ပိုင်းသို့ မုန်တိုင်းဦးတည်နေ

မက္ကဆီကိုမြောက်ပိုင်းသို့ မုန်တိုင်းတစ်ခု ဦးတည်ရွေ့လျားနေကြောင်း၊ ယင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းနိုင်မှုဖြစ်ပေါ်နိုင်ကြောင်း မက္ကဆီကို မိုးလေဝသဌာနမှ ဇူလိုင် ၉ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

(အင်တာနက်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ MJB International Limited မှ Regional Manager, Mr. John Giblett လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဦးခင်မောင်မြင့်အား
အာရပ်စော်ဘွားများနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ MJB International Limited မှ Regional Manager, Mr. John Giblett သည် ဇူလိုင် ၆ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ ဓာတ်ငွေ့သုံးလျှပ်စစ် ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်း မောင်းနှင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရိုင်ချင်းဆက်လမ်းနှင့် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီးဦးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက်က စစ်ကိုင်းတိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ ကောင်းမှုတော် ရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာခင်းရန်ကျန်သည့်အပိုင်းများကို မိုးရွာသည့်အခြေအနေကြည့်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

တက်ရောက်

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးပတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ထနောင်းသာကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပသည့် ကမ်းဖြူကျေးရွာ၊ ရေလည်မော်ကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ချောင်းမီတိုကျေးရွာနှင့် ရေဂမိုးကျေးရွာတို့ရှိ ကျောင်းသား ကျောင်းသူများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများလှူဒါန်းသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ပေါ်သို့ ရေပေးဝေနေသော မဟာနန္ဒာရေစစ်ကန်နှင့် ရေကန်တို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် ရွှေဘိုမြို့နယ် ရန်ကြီးအောင်ပန်းခြံရှိ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၆ရက် နံနက်ပိုင်းက ရွှေဘိုမြို့ မြို့မဈေးကြီးသို့ သွားရောက်၍ ဈေးမီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း မီးသတ်ရေငုတ်များ၊ ရေလှောင်ကန်များနှင့် လျှပ်စစ်မီးသွယ်တန်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း မြို့မဈေးကြီးသို့ရောက်ရှိပြီး ဈေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဈေးမီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဘားအံမြို့၌ ကျင်းပ

ဘားအံ ဇူလိုင် ၉

ကရင်ပြည်နယ် ဘားအံခရိုင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ ဇူလိုင် ၃ရက် နံနက် စနာရီက ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဂုဏ်ပြု

အခမ်းအနားတွင် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာနကြီးမှူး ဒေါ်နန်းအေးကြည်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

လက်ခံယူ

ထို့နောက် ထူးချွန်အမျိုးသမီးများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၉-၇-၂၀၁၀

မုဒုံမြို့
၃ ဒသမ ၁၅ လက်မ

ချောင်းဆုံမြို့
၃ ဒသမ ၀၃ လက်မ

ဒွေးမြို့
၂ ဒသမ ၉၅ လက်မ

လောင်းလုံမြို့
၂ ဒသမ ၃၂ လက်မ

ကော့ကရိတ်မြို့
၂ ဒသမ ၁၇ လက်မ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ယင်းနောက် ဟိုပန်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ တပ်နယ်မိသားစုများနှင့် တွေ့ဆုံသည်။

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၇ရက်တွင် လောက်ကိုင်မြို့ အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် လောက်ကိုင်-ကုန်းကြမ်း-မော်တိုက်လမ်းပိုင်း ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မုံးစီးကျေးရွာ၌ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျေးရွာများအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်ကာ ကျေးရွာနေပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဗုဒ္ဓရုပ်ပွားတော်မြတ်များ လှူဒါန်းသည်။

ဆက်လက်၍ တာမိုးညဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ထိုမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်သည့် ကွတ်ခိုင်- တာမိုးညဲ- မုံးစီး- တာပါးလမ်းပိုင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၈ရက်တွင် နမ့်ခမ်းမြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ဆေးကုသမှုခံယူနေကြသည့် လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

တွေ့ဆုံအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နမ့်ခမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ရပ်မိရပ်ဖတစ်ဦးက ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များမှာကြားကာ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မူဆယ်မြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း နှစ်ထပ်ဆေးကုသဆောင် ဆောက်လုပ်နေမှုအခြေအနေများနှင့် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မူဆယ်မြို့ ရွှေလီရိပ်သာ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

○ ကျောဖုံး

ကော်မရှင်က ၂၀၁၀ခုနှစ် ဇူလိုင် ၉ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့် ပြုလိုက်သည် -

(၁) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(၂) အမျိုးသားဒီမိုကရေစီအင်အားစု (NATIONAL DEMOCRATIC FORCE)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၉) ပါတီအနက် ပါတီ (၃၈)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း(MCPA) က ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ အဆောင်(၁)သင်တန်းခန်းမ၌ ဇူလိုင် ၂၀ရက်မှ ဩဂုတ်၁၇ရက် ညနေ၃နာရီမှ ၅နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ ငွေကျပ် ၁၂၀၀၀၀ ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များအား ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

အထောက်အကူရရှိ

အဆိုပါသင်တန်းတွင် ကွန်ပျူတာ အခြေခံအဆင့် လေ့လာထားပြီး ရုပ်သံအစီအစဉ်များနှင့် ရုပ်မြင်သံကြားကြော်ငြာများ၊ မှတ်တမ်း ရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှုများ အကြောင်းကို စိတ်ဝင်စားစွာ လေ့လာလိုသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများတွင် Video Presentation များဖြင့် နေ့စဉ်ထိတွေ့လုပ်ကိုင်နေရပြီး သင်တန်းအတွက် အချိန်များစွာ မပေးနိုင်သူများ၊ ဂရပ်ဖစ်ဒီဇိုင်းသင်တန်းများ၊ အနုပညာ တက္ကသိုလ်နှင့် ပန်းချီပန်းပုကျောင်းများမှ ကျောင်းဆင်းပြီး ရုပ်သံဖန်တီး ထုတ်လုပ်မှုကို အထူးပြုလေ့လာနေသူများ၊ နိုင်ငံရပ်ခြားတွင် Video Production, Mass Communication, Animation ဘွဲ့နှင့် ဒီပလိုမာသင်တန်း တက်ရောက်ကြမည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီး လူငယ်လူရွယ်များအား ခေတ်သစ်ရုပ်သံ နည်းပညာတွင် ပါဝင်သော ဗီဒီယိုပုံရိပ်များ ဖွဲ့စည်းမှုသီအိုရီ၊ ဗီဒီယိုကင်မရာများ ကိုင်တွယ်အသုံးပြုပုံနှင့် အလင်းပေးခြင်း နည်းစနစ်များ၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ စားတန်းထိုးခြင်းနှင့် အရည်အသွေးမကျဆင်းအောင် ထုတ်လုပ်ပုံများ၊ ဒစ်ဂျစ်တယ် အသံပိုင်းဆိုင်ရာ သိကောင်းစရာများ စာတွေ့၊ လက်တွေ့ပါဝင်ပြီး Adobe Certified Expert စာမေးပွဲနှင့် နိုင်ငံခြားအနုပညာတက္ကသိုလ်ဝင်ခွင့်များ ဖြေဆိုရာတွင် အထောက်အကူ ရရှိမည်ဖြစ်သည်။

ပို့ချ

သင်တန်းတွင် ဦးဝဏ္ဏကျော် (Art Director -People Media, Inforithm- Maze Co., Ltd.) ASEAN Award Winning New Media Artist, Contributor (Internet Journal) က သင်ထောက် ကူပစ္စည်း အပြည့်အစုံဖြင့် သင်ကြားမည်ဖြစ်ပြီး ဧည့်ပညာရှင်များအဖြစ် စာရေးဆရာ ချစ်ဦးညိုက ရုပ်ရှင်ဇာတ်ညွှန်း ရေးသားခြင်းအကြောင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက မှတ်တမ်းရုပ်ရှင် ဖန်တီးခြင်းအကြောင်း၊ ဒါရိုက်တာဇော်ဆက်က ရုပ်ရှင်တည်းဖြတ်မှုအကြောင်း၊ တေးရေး နောင်နောင်(S.F)က ဇာတ်ဝင်တေး ရေးသားခြင်းအပါအဝင် ဂီတရုပ်ရှင် အခြေခံ သဘောတရားများကို သင်တန်းတစ်ချိန်စီ လာရောက်ပံ့ပိုး ပို့ချပေးကြမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းသားများအတွက် Software Application Installer များ၊ Plug-ins များ၊ Resource Material များ၊ မြန်မာဘာသာဖြင့် ရေးသားပြုစုထားသော ခေတ်ပေါ်ဗီဒီယို နည်းပညာနှင့် ရုပ်ရှင်၊ ဂီတသဘောတရားဆိုင်ရာ မှတ်စုများကိုလည်း တစ်ပါတည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဇူလိုင်၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်း ပို့ချ

သီပေါ ဇူလိုင် ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆင့်ပွားသင်တန်းကို ဇွန် ၃၀ ရက် နံနက် ၁၀နာရီက အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပရာ သီပေါမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းမြင့်အောင်က ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းက ဥပဒေ၊ နည်းဥပဒေများဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပို့ချပေးသည်။ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၁၈၅ ဦး တက်ရောက်ကြသည်။ ***(မြို့နယ် ပြန်/ ဆက်)***

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မုဒုံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ ကျိုက္ကမီမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၆၆ လက်မနှင့် ပေါင်မြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဇူလိုင် ၁၀ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

၂၀၁၀ခုနှစ် ဇူလိုင်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် နေရာ စိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်အတွင်း ရဲကျောင်းလမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးသိန်းစိန်ကွင်းဆင်းကြီးကြပ်စဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ငပုတော၌ သစ်ပင်စိုက်ပျိုး

ငပုတော ဇူလိုင် ၉

၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ပုသိမ်ခရိုင် ငပုတောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ပူးပေါင်းမှုဖြင့် ဇွန် ၃၀ရက် နံနက် ၇ နာရီက ငပုတောမြို့နယ် ငပုတော-ပုသိမ်ကားလမ်းမကြီးဘေး ဝဲယာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ယု၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအေးထွန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်သဥ္ဇာမျိုးတို့က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက ကျွန်း၊ ယူကလစ်နှင့် မဟော်ဂနီအပင်ပေါင်း ၃၅၀ကျော်ကို တပျော်တပါး စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ဦးအထက အာစရိယပူဇော်ပွဲ

ကျောင်းသားဟောင်းများ အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၉

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၄၆ ခုနှစ်မှ ယနေ့အထိ ပညာသင်ကြားပေးခဲ့သော အသက် (၆၀) ပြည့်ပြီး အငြိမ်းစားဆရာကြီး ဆရာမကြီးများအား နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီကို ဇူလိုင် ၄ရက်က အဆိုပါကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်မောင်လင်းနှင့် အတွင်းရေးမှူး ဦးအောင်ဇော်မိုး ပါဝင်သော အမှုဆောင် ကော်မတီ ၂၇ ဦးကို ဖွဲ့စည်းကြပြီး အစည်းအဝေးတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် စုပေါင်းမတည် လှူဒါန်းသည့် အလှူငွေကျပ်၂၅သိန်းကို ကျောင်းသားကျောင်းသူဟောင်းများ ကိုယ်စား ဦးအောင်မျိုးခိုင်က ဥက္ကဋ္ဌ ဦးတင်မောင်လင်း ထံပေးအပ်သည်။ **(ယာပုံ)**

ညောင်ဦး အထက အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး အငြိမ်းစားဆရာကြီး ဆရာမကြီး ဇ၀ခန့်အတွက် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်လင်း ဖုန်း-၀၉-၂၀၄၂၂၆၀နှင့် အတွင်းရေးမှူး ဦးအောင်ဇော်မိုး ဖုန်း-၀၉-၅၀၀၅၆၄၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၁၁၃)

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

သာသနာရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေပေးအပ်ပွဲနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက် မွန်းလွဲ ၂နာရီခွဲက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးသူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူး၊ ပါမောက္ခ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ထပ်ဆောင်းလှူဒါန်းသော ပညာသင်စရိတ် ငွေကျပ် ၁၈၂၄၀၀၀ကိုလည်းကောင်း၊ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်သဇင်မြင့်အောင်က လှူဒါန်းသော ငွေကျပ် လေးသိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၅၀ကိုလည်းကောင်း လက်ခံ၍ ၂၀၁၀ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူဝန်ထမ်း ၁၀ဦးတို့ထံ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့သူ ၁၀ဦးတို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်က အားကစားထူးချွန်ဆုနှင့် သင်တန်းထူးချွန်ဆု ရရှိသူတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန ၂၀၁၀ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေပေးအပ်ပွဲနှင့်ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

Database Applications Development သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၉

Myanmar Professionals Education Centre (MPEC) က အရည်အချင်း ပြည့်ဝသော Database Applications Developer, Database Administrator ဖြစ်လိုသူများ အတွက် ရည်ရွယ်၍ Database Applications Development သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

ထိုသင်တန်းတွင် Database Management System များ၏တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ နည်းစနစ်များကို Oracle Database Server နှင့် Microsoft SQL Server 2008 ကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် Database Server များ၏ Background services, Data Files, Recovery Logs Files နှင့် Memory Structure တို့ကို မိမိတို့လုပ်ငန်းလိုအပ်ချက်များအတိုင်း စွမ်းဆောင်မှုအကောင်းဆုံးဖြစ်အောင် Configuration ပြုလုပ်နိုင်စေရန်၊ Database Management Systems များကို အသုံးပြုပြီး Database Application System များကို အကောင်းဆုံးဖြစ်အောင် ရေးသားနိုင်စေရန်၊ Complex Query Language များကို ရေးသားနိုင်ရန်နှင့် Database Logical Design and Physical Design တို့ကို ထိထိရောက်ရောက် ပြုလုပ်နိုင်ပြီး Software Developer ကောင်း တစ်ယောက်ဖြစ်လာစေရန် လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်သည်။

အတွေ့အကြုံ

အထူးသဖြင့် Data Records သန်းနှင့်ချီသော Processing များနှင့် Reporting များကိုပြုလုပ်နိုင်ရန်အတွက် အခြေခံကောင်းများရရှိစေရန် လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံရှိသူများက အသိပညာပေး သင်ကြားပေးမည်ဖြစ်သည်။

အထက်ပါ သင်တန်းကို DBMS အခြေခံရှိသူများနှင့် SQL Language အခြေခံရှိသူများ တက်ရောက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်း တက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အခန်း (၈၀၄/B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၆၆၂၇၈ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာသင်တန်း မကွေးတိုင်း စလင်းမြို့၌ ဖွင့်လှစ်ပို့ချ

စလင်း ဇူလိုင် ၉

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းကို ဇွန်၂၃ရက်က ရွှေမန်းဇာတ်ရုံတွင် ဖွင့်လှစ်ပို့ချရာ မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးလှမြင့်(**ယာပုံ**) တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းပို့ချ

ဆက်လက်၍ မင်းဘူးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဒေါ်ငွေးငွေးခိုင်၊ အဖွဲ့ဝင်ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဆန်း၊ အတွင်းရေးမှူး ဦးဟန်ထွန်းနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ဘာသာရပ်အလိုက် ရှင်းလင်းပို့ချ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား သင်တန်းသူ၆၀၂ဦး တက်ရောက်ကြပြီး နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချပေးသည်။

(မြို့နယ် ပြန်/ဆက်)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဖြန့်ဖြူးရေးသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၉

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဖြူးရေးသင်တန်းကို ဇူလိုင်၂ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတိုင်းမန်နေဂျာ ဦးမျိုးညွှန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်နည်းပညာပြန့်ပွားရေးအဖွဲ့ (၃) ခေါင်းဆောင် မော်ဘီ မြန်မာ့ဆန်စပါးသုတေသနဌာနမှ မန်နေဂျာ ဒေါက်တာရဲတင့်ထွန်းနှင့်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ နည်းပညာပေးအဖွဲ့ဝင်များက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။(**ဝဲပုံ**)

လျာထားဆောင်ရွက်

ရန်ကုန်တိုင်းသည် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုးစပါးဧက ၁၂သိန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ၆၁၂၄၉၈ ဧက၊ ၅၁ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးလျက် ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇူလိုင် ၉

စီမံကိန်းရည်မှန်းချက်တာဝန်များ ဗန်းမော်၌ပေးအပ်

ဗန်းမော်မြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက်က ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချိုက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ကဏ္ဍအလိုက်ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရမည်းသင်း၌ စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို ဇွန် ၂၇ရက်က ရမည်းသင်းမြို့ လမ်းမတော်ဖလားဝါး စားသောက်ဆိုင်ရှိ မင်္ဂလာခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ် ဦးစိုးမြင့်က ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ *(၁၆၉)*

မိုးကောင်း၌ စီမံကိန်းတာဝန်ပေးအပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၂၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်ဥက္ကဋ္ဌများထံ စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ ***(၀၀၁)***

တန့်ဆည်၌ မိုးရာသီ စိုက်ပျိုးစရိတ်များပေးအပ်

စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာန၏ကြီးကြပ်မှုဖြင့် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် ဖလံချိုင်ကျေးရွာရှိ ဇမ္ဗူ့ထိပ်ခေါင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတွင် ဇွန် ၁၇ရက်က ၂၀၁၀ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဓာတ်မြေဩဇာနှင့် စိုက်ပျိုး စရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါအသင်း၌ ကျင်းပသည်။ *(ခရိုင် ပြန်/ဆက်)*

ဗန်းမောက်၌ သုတရသစာအုပ်များ ပေးအပ်လှူဒါန်း

ကသာခရိုင် ဗန်းမောက်မြို့နယ် နားယကာကျေးရွာ ပါရမီစာကြည့်တိုက်၌ စာအုပ်ပေးအပ်လှူဒါန်းပွဲကို မေ ၂၄ရက်ကကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ဗဟို)အဖွဲ့ဝင် စစ်ကိုင်းတိုင်းတာဝန်ခံ ဒေါက်တာမောင်ထူးက ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပေါက်ခေါင်း၌ သွေးလွန်တုပ်ကွေးအသိပညာပေး

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ရက်က အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ထောက်ဆရာဝန် ဒေါက်တာ သန်းမင်းထွဋ်က သွေးလွန်တုပ်ကွေး ရောဂါအကြောင်း အသိပညာပေးဟောပြောသည်။ *(မြို့နယ် ပြန်/ဆက်)*

ဆီဆိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၁၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ဆိုင်းဘုတ်ကိုစိုက်ထူပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးကို ဖွင့်လှစ်ပေးသည်။ ***(မြို့နယ် ပြန်/ဆက်)***

အမြန်မော်တော်ယာဉ်ငယ်လိုင်းဖွင့်

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ဒေးဒရဲ-ဒလ-ဖျာပုံ-ဘိုကလေး အမြန်မော်တော်ယာဉ်ငယ်လိုင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ရက်က ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက် မြို့နယ်စစ်မှုထမ်းဟောင်းရုံးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးအောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

✱ ရွှေဖုံးမှ

လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်လိုက် သင်ယူပြီးမြောက်စေရေးကို အခြေခံပညာကဏ္ဍ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ကြိုးပမ်းဖော်ဆောင်

အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီတိုင်းတွင် ကျောင်းအပ်နှံရေးသီတင်းပတ် လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဆက်တည်းမှာပင် အခြေခံပညာကျောင်းအသီးသီးတွင် ဝင်ရောက်လာသော ကျောင်းသား ကျောင်းသူများကို ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့နည်းကျဆင်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စသည့် လုပ်ငန်းများကိုလည်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူလူငယ်များကို ပြုစုပျိုးထောင်ရာတွင်လည်း အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်တို့တွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများ ပြည့်ဝလာစေရေးအတွက် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားနိုင်ရေး၊ စစ်ဆေးတိုင်းတာမှုအပိုင်းတွင် ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်အလေးပေး ဖော်ဆောင်လျက်ရှိပေသည်။

သင်ကြားနိုင်

ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအဆင့် ကျောင်းများကို ကျေးရွာတိုင်းနီးပါး တိုးမြှင့်ဖွင့်လှစ်တည်ဆောက်ပေးခဲ့၍ ယခုအခါ ကျောင်းသား ကျောင်းသူ ရင်သွေးငယ်များသည် ယခင်ကကဲ့သို့ ဝေးလံသီခေါင်သော အခြားကျေးရွာများသို့ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်ဖုံသွားရောက် ပညာသင်ကြားရန် မလိုအပ်တော့ဘဲ ကိုယ့်ရပ်ကိုယ့်ရွာတွင်သာ အခြေခံပညာအဆင့်ကို လွယ်လင့်တကူ သင်ကြားနိုင်ကြပြီဖြစ်သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်လာသော အခြေခံပညာအဆင့် ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ခုနှစ်က အခြေခံပညာအထက်တန်းကျောင်း ၇၂၂ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂၂၁ ကျောင်း၊ ယခင်က အလယ်တန်းကျောင်း ၁၆၉၆ကျောင်းသာ ရှိခဲ့ရာမှ ယခု ၂၈၉၃ကျောင်း၊ ယခင်က မူလတန်းကျောင်း ၃၁၃၂၉ကျောင်းသာရှိခဲ့ရာမှ ယခု ၃၅၆၁၁ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တိုးတက်လာ

တိုးတက်မှုအနေဖြင့်ကား အထက်တန်းကျောင်း ၁၄၉၉ကျောင်း၊ အလယ်တန်းကျောင်း ၁၁၉၇ ကျောင်း၊ မူလတန်းကျောင်း ၄၂၈၂ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၆၉၇၈ကျောင်းအထိ တိုးတက်လာခဲ့သည်။

ထို့ပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ မာလ်တီမီဒီယာစာသင်ခန်း ၂၂၇၂ခန်းနှင့် မူကြိုပညာရေး ၂၀၅၉ကျောင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

မြိတ်တက္ကသိုလ်

တနင်္သာရီတိုင်းရှိ ဒေသခံလူငယ်များအား ပညာသင်ကြားမှုအခွင့်အလမ်းများ အပြည့်အဝပေးနေသည့် မြိတ်တက္ကသိုလ်ကို ဖွင့်ပွဲနေ့က ဤသို့တွေ့ရသည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ၁၉၈၈ခုနှစ်မတိုင်မီက ဒေသအသီးသီးမှ ကျောင်းသားကျောင်းသူများသည် အဆင့်မြင့်ပညာရပ်များကို ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးပြကြီးများတွင်သာ သွားရောက်ပညာသင်ကြားခဲ့ကြရ၏။

တိုးတက်ပြောင်းလဲ

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့်
တည်ဆောက်လျက်ရှိရာတွင် အသိပညာရှင်၊ အတ
စွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတက
နေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်
နိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊
နိုင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း လူ့စွမ်းအား
ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က
အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၌ အ
ဗန်းမော်၊ ဘားအံ၊ ကလေး၊ လှိုင်ကော်၊ မုံရွာ
ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မေ
လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ လှိုင်လင်၊ မ
မြို့တို့တွင် တက္ကသိုလ်တစ်ကျောင်း၊ ကွန်ပျူတာ
နည်းပညာတက္ကသိုလ်တစ်ကျောင်း စုစုပေါင်း
တို့ကို အသီးသီး အသစ်ဖွင့်လှစ်တည်ဆောက်
ရင်သွေးငယ်များ ကိုယ့်ဒေသတွင်းမှာပင် အ
အိုးမကွာ၊ အိမ်မကွာ သင်ယူခွင့်ဆုလာဘ်ရ
ဖြစ်ပေသည်။

ဖွင့်လှစ်နိုင်

**၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း
အဆင့်မြင့်ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်
တက္ကသိုလ်၊ ကောလိပ်နှင့်ဒီဂရီကောလိပ် ၂၇
၆၄ ကျောင်း၊ ယခင်က နည်းပညာတက္ကသိုလ်
ယခု ကျောင်းပေါင်း၃၀၊ ယခင်က ကွန်ပျူတ
သာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၂၆ကျောင်း
တက္ကသိုလ်၊ ကောလိပ် တစ်ကျောင်းသာရှိခဲ့ရ
တိုးတက်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။**

**တိုးတက်မှုအနေဖြင့်ကား တက္ကသိုလ်၊ ေ
၃၇ကျောင်းနှင့် နည်းပညာတက္ကသိုလ် ၂၉ကျော
၂၅ကျောင်းနှင့် အခြားဝန်ကြီးဌာနများရှိ တက္ကသိ
စုစုပေါင်း တက္ကသိုလ်၊ ကောလိပ်ကျောင်း
တိုးတက်လာခဲ့သည်။**

အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီတိုင်းတွင် ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဆက်တည်းမှာပင် အခြေခံပညာကျောင်းအသီးသီးတွင် ဝင်ရောက်လာသော ကျောင်းသား ကျောင်းသူများကို ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စသည့် လုပ်ငန်းများကိုလည်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိ။

တည်ဆောက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာစွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၌ အကျုံးဝင်သော မြစ်ကြီးနား၊ ဗန်းမော်၊ ဘားအံ၊ ကလေး၊ လှိုင်ကော်၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ လှိုင်လင်၊ မအူပင်၊ ဟင်္သာတနှင့် ပုသိမ်မြို့တို့တွင် တက္ကသိုလ်တစ်ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် တစ်ကျောင်းနှင့် နည်းပညာတက္ကသိုလ်တစ်ကျောင်း စုစုပေါင်း တက္ကသိုလ် သုံးကျောင်းစီတို့ကို အသီးသီး အသစ်ဖွင့်လှစ်တည်ဆောက်ပေးနိုင်ခဲ့၍ ပြည်ထောင်စုရင်သွေးငယ်များ ကိုယ့်ဒေသတွင်းမှာပင် အဆင့်မြင့် ပညာရပ်များကို အိုးမကွာ၊ အိမ်မကွာ သင်ယူခွင့်ဆုလာဘ်ထူးကို ရရှိခံစားနေကြရပြီဖြစ်ပေသည်။

ဖွင့်လှစ်နိုင်

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အဆင့်မြင့်ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ခုနှစ်က တက္ကသိုလ်၊ ကောလိပ်နှင့်ဒီဂရီကောလိပ် ၂၇ ကျောင်းသာရှိခဲ့ရာမှ ယခု ၆၄ ကျောင်း၊ ယခင်က နည်းပညာတက္ကသိုလ်တစ်ကျောင်းသာ ရှိခဲ့ရာမှ ယခု ကျောင်းပေါင်း၃၀၊ ယခင်က ကွန်ပျူတာတက္ကသိုလ်တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၂၆ကျောင်း၊ အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

တိုးတက်မှုအနေဖြင့်ကား တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ၃၇ကျောင်းနှင့် နည်းပညာတက္ကသိုလ် ၂၉ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ကျောင်းနှင့် အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ် ၂၁ကျောင်း စုစုပေါင်း တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်း ၁၁၂ကျောင်းအထိ တိုးတက်လာခဲ့သည်။

ကွန်ပျူတာတက္ကသိုလ် (လားရှိုး)

အဆင့်မြင့် ပညာရပ်များ သင်ယူမှု အခွင့်အလမ်းများ ပွင့်လန်းရာ သွေးချင်းတို့ဌာနေ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)။

ထို့ပြင် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန ၄၄ခု၊ ပညာရေးကောလိပ် ၂၀၊ နည်းပညာကောလိပ်လေးကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်းစီတို့ကိုလည်း အကောင်အထည်ဖော် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

သင်ကြားပို့ချ

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များကို မြန်မာ့ပညာရေးရည်မှန်းချက်ဖြစ်သည့် မျက်မှောက်ကာလပညာခေတ် (Knowledge Age) ၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society) ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ စသည့် အထူးပြုဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်များကို ကွန်ပျူတာ Hardware နှင့် Software များကို တီထွင်ခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် အသုံးချခြင်းများကို လက်တွေ့လုပ်ဆောင်နိုင်သော ပညာရှင်များ မွေးထုတ်ပေးရန်၊ လိုအပ်လျက်ရှိသော အခြေခံ IT ပညာရှင်များ ပြုစုပျိုးထောင်ပေးရန်၊ ရရှိလာသော အခြေခံ IT ပညာရှင်များမှ ထူးချွန်သူများအား အဆင့်မြင့် ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးရန်၊ အဆင့်မြင့် IT ပညာရှင်များကို အသုံးပြုပြီး IT ဆိုင်ရာ သုတေသနနှင့် တီထွင်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် နိုင်ငံတော်တစ်ရပ်လုံးတွင် IT အသုံးပြုမှုတွင်ကျယ်လာစေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ထိုတက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)၊ ကွန်ပျူတာ သိပ္ပံဂုဏ်ထူးဘွဲ့ [B.C.(Hons:)] နှင့် ကွန်ပျူတာနည်းပညာဂုဏ်ထူးဘွဲ့ [B.C.Tech (Hons:)]၊ ဘွဲ့လွန်ဒီပလိုမာဖြစ်သော မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)၊ မဟာသုတ သိပ္ပံဘွဲ့ (M.I.Sc) နှင့် ကွန်ပျူတာ သိပ္ပံဒီပလိုမာ (D.C.Sc)၊ ဘွဲ့ကြို ဒီပလိုမာ (Module I) နှင့် (Module II) သင်တန်းများကို နှစ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အစိုးရနည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း အသီးအပွင့်အဖြစ် အမွေခံ၊ အခြေခံကောင်းများ လက်ဆင့်ကမ်းလျက်ရှိသည့် အစိုးရ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)။

ကျောက်ဖြူပညာရေးကောလိပ်

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူပညာရေးကောလိပ်ကို ဤသို့ တွေ့ရသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ ပညာရေးအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းပြီး ပညာကို လက်လှမ်းတမီဆည်းပူးနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည့် ကွန်ပျူတာတက္ကသိုလ် (ဘားအံ)။

စာမျက်နှာ ၉ မှ

တစ်ပြေးညီ

အလားတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန နည်းပညာတက္ကသိုလ်များကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သော အင်ဂျင်နီယာပညာရှင်များ တိုးတက်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာစေရန်၊ ဒေသအလိုက် ကွာခြားမှုလျော့နည်းပြီး နိုင်ငံတော်အတွင်းရှိ လူငယ်လူရွယ်များအားလုံး စက်မှုပညာသင်ကြားမှုအခွင့်အရေး တစ်ပြေးညီရရှိစေရန်နှင့် နိုင်ငံတော်မှ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်အတွက် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ပြီး မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်းနှင့် စက်မှုအင်ဂျင်နီယာသင်တန်း စသည့် သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်က ကြိုးပမ်းစိုက်ထုတ်ခဲ့သော ပညာရေးကဏ္ဍအသီးအပွင့်များက ဒေသအသီးသီးတွင် အပြိုင်းအရိုင်းဖွံ့ဖြိုးဝေဆာလာခဲ့ချေပြီ။

၁၉၈၈ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဘွဲ့ရပညာတတ် ၁၄၇၀၀၀၀ကျော်နှင့် ဘွဲ့လွန်ပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး စာတတ်မြောက်မှုနှုန်း အနေဖြင့်လည်း ၉၄ ဒသမ ၈၃ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီဖြစ်ပေသည်။

စဉ်ဆက်မပြတ်

ကျွန်တော်တို့သည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ လုပ်ငန်းတာဝန်ဖြင့် သွားရောက်ရာတွင် သတင်းသမားများပီပီ အဆိုပါ တက္ကသိုလ်ကြီးများကို မရောက်၊ ရောက်ဖြစ်အောင် သွားရောက်လေ့လာခဲ့ကြသည်။ ဒေသခံတက္ကသိုလ်ကျောင်းတော်သူ၊ ကျောင်းတော်သားတို့နှင့်လည်း အခွင့်ရခိုက် စကားစမြည် ပြောဆိုခွင့်ရခဲ့ရာ သူတို့၏ မျက်နှာများတွင် ဂုဏ်ယူဝမ်းမြောက်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ကို အထင်းသား မြင်တွေ့ခဲ့ရ၏။ ဒေသအသီးသီးမှ ခမ်းနားသစ်လွင်သော တက္ကသိုလ် အဆောက်အအုံများကား ဒေသအတွင်းမှာပင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပေသည်။

ထို့ပြင် အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ပညာရေးအခြေခံအဆောက်အအုံများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်သေပြု

သို့ဖြစ်ရာ အခြေခံနှင့် အဆင့်မြင့်ပညာရပ်များကို တစ်ချိန်ကကဲ့သို့ မြို့ကြီးပြကြီးများတွင်သာ သွားရောက်မသင်ကြားရတော့ဘဲ ကိုယ့်ရပ်ကိုယ့်ဒေသမှာပင် အိုးမကွာ၊ အိမ်မကွာ နောင်သားစဉ်မြေးဆက်အထိ အဆင်ပြေချောမွေ့စွာ သင်ကြားခွင့်ရရှိစေရေးအတွက် တက္ကသိုလ်များ၊ ကျောင်းများကို နိုင်ငံတော်၏ ကိုယ်ပိုင်စွမ်းပကားဖြင့် ငွေကြေးပမာဏမြောက်မြားစွာ အကုန်အကျခံ၍ ဒေသအနှံ့ ကြိုးပမ်းတည်ဆောက်ဖွင့်လှစ်ပေးခဲ့သော နိုင်ငံတော်၏ စေတနာကား တိုင်းဆ၍မရနိုင်လောက်အောင် မွန်မြတ်လှပါကြောင်း ထပ်လောင်းသက်သေပြုမိပါတော့သည်။ ။

လှိုင်ကော်တက္ကသိုလ်

အဆင့်မြင့်ပညာရပ်များကို အိုးမကွာ၊ အိမ်မကွာ လေ့လာဆည်းပူးနိုင်သည့် ကယားပြည်နယ် လှိုင်ကော်မြို့က လှိုင်ကော်တက္ကသိုလ်။

နည်းပညာတက္ကသိုလ် (မော်လမြိုင်)

မွန်ပြည်နယ် မော်လမြိုင်မြို့မှ နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းဆောင်သစ်ကြီး၏ ဖွင့်ပွဲနေ့က မြင်ကွင်း။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**			
	- အထက်တန်း	၇၂၂	၂၂၂၁	၁၄၉၉
	- အလယ်တန်း	၁၆၉၆	၂၈၉၃	၁၁၉၇
	- မူလတန်း	၃၁၃၂၉	၃၅၆၁၁	၄၂၈၂
	- မာလ်တီမီဒီယာစာသင်ခန်း	-	၂၂၇၂	၂၂၇၂
	- မူကြိုပညာရေး	-	၂၀၅၉	၂၀၅၉
၂	**ဆရာအတတ်သင်ပညာရေး**			
	- ပညာရေးကောလိပ်	-	၂၀	၂၀
၃	**အဆင့်မြင့်ပညာ**			
	- တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန	-	၄၄	၄၄
၄	**သိပ္ပံနှင့်နည်းပညာ**			
	- နည်းပညာတက္ကသိုလ်	၁	၃၀	၂၉
	- နည်းပညာကောလိပ်	-	၄	၄
	- ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	-	၁	၁
၅	**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**	-	၁	၁
၆	**အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ ကောလိပ်**	၁	၂၂	၂၁

ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း) ရန်ကုန်အတွက် သင်တန်းသားများခေါ်ယူ

ရန်ကုန် ဇူလိုင် ၉

၂၀၁၁ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း)ကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတည်ရှိရာ အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်လွှာတင်သွင်းရမည်

သင်တန်းတက်လိုသူသည် သင်တန်းကျောင်း၌ သင်တန်းဝင်ခွင့်စာမေးပွဲကြေး ငွေကျပ်၂၀၀၀ပေးသွင်း၍ ဇူလိုင်၂၀ရက်မှ ဩဂုတ်၂၇ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်လွှာတင်သွင်းရမည် ဖြစ်သည်။

ထုတ်ပြန်ကြေညာမည်

သင်တန်းဝင်ခွင့် စာမေးပွဲကို စက်တင်ဘာ ၁၉ရက်တွင် ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ဒီဇင်ဘာ ၁ရက်မတိုင်မီ ထုတ်ပြန်ကြေညာမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့ မြို့ပတ်ကားလမ်းအသစ် ဖောက်လုပ်နိုင်ရေးဆောင်ရွက်ထားမှု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်၁ရက်က ပုဏ္ဏားကျွန်းမြို့ မြို့ပတ်ကားလမ်းအသစ် ဖောက်လုပ်နိုင်ရေးဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းကူးတံတား တည်ဆောက်နိုင်မည့် မြေနေရာ အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းအပိုင်း မီးရထားသံလမ်းအဆင့်မြှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားပြေးဆွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် အောင်ဖြူပြင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ပြုပြင်မွမ်းမံထားမှု အခြေအနေများကိုလည်းကောင်း၊ စာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် တိုင်းမှူးသည် ယိုးတရုတ်ကျေးရွာ မိုးစပါးစုပေါင်းထွန်ယက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

ရတနာပုံ မြို့သစ်စီမံကိန်း ဝန်ကြီး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အတူ ဇူလိုင် ၅ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံ မြို့သစ်စီမံကိန်း ဆက်သွယ်ရေးစက်မှုအဆောက်အအုံသို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်းတင်ပြမှုအပေါ် စက်ပစ္စည်းများတပ်ဆင် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် Yatanarpon Fiber Optical Factory သို့ ရောက်ရှိပြီး ကေဘယ်လ် ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ကေဘယ်လ်များကို ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ Elite Tech Manufacturing Co., Ltd.၌ မိုဘိုင်းလ်တယ်လီဖုန်းများ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ASIA MEGA LINK စက်ရုံ၌ မိုဘိုင်းလ်စနစ် စက်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်နေမှုနှင့် ထုပ်ပိုးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်း

ထို့နောက် စီမံကိန်း ဧရိယာအတွင်းရှိ FORTUNE INTERNATIONAL LIMITED၏ စက်ရုံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ထုတ်လုပ်ဆောင်ရွက်သွားမည့် အခြေအနေ၊ တာမိုးညဲ ချမ်းသာထွန်းဝေသော ကုမ္ပဏီလီမိတက်နှင့် FISCA PAN MYANMAR Co.,Ltd.တို့၏ စက်ရုံဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ MCC TRAINING INSTITUTE YATANARPON ၌ သင်ကြားပို့ချနေမှု အခြေအနေ၊ Yatanarpon ICT Training Center ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် Soft Based Factory Zone ရေရရှိရေးလုပ်ငန်းတွင် ရေဂါလန် ၁၀၀၀၀၀ ဆံ့ ရေလှောင်ကန်ဆောက်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် Yatanarpon Fiber Optical Factory ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဈေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၌ ပို့ချ

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက မှော်ဘီမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါး သုတေသနဌာန သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင် ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ရန်ကုန်မြောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။ သင်တန်းသို့ မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ၄၀၀တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟူရာ သစ်တောကြိုးဝိုင်း၌ တန်ဖိုးမြင့် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် ဦးစီးအရာရှိ ဦးမြင့်စိုးတို့သည် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန မဟူရာသစ်တောကြိုးဝိုင်းအတွင်း၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီတွင် သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ မဟူရာကြိုးဝိုင်း အကွက်အမှတ်(၅၅၊၅၆)တွင် သဘာဝတော အတွင်း တန်ဖိုးရှိသစ်ပင်များ ပိုမိုပေါများဖြစ်ထွန်းစေရန် ကျွန်းပင်ပေါင်း ၃၅၀၀၀ စိုက်ပျိုးပြီးဖြစ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

မကွေးခရိုင် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပေါ့စား မီးသတ်စက်များ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ မြို့နယ်မီးသတ် ဦးစီးမှူးနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့ စစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အိမ်ရာ အဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

IEMS Company Limited သည် ‘‘အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၀’’ HOUSING & LIVING 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇူလိုင် ၂၄ ရက်မှ ၂၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

SMART Electronic Dictionary ၊ Good Brother's Co., Ltd.၊ Royal Tun (Sky Digital) ၊ King Empire ၊ KMD နှင့် MRS တို့မှ အီလက်ထရွန်နစ် အဘိဓာန်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ SP Group မှ Air Pure တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊ Golden Rose Industry မှ Modern Steel Structure များ၊ Future Step မှ Midea အမှတ်တံဆိပ် Induction Cooker များ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် Induction Cooker နှင့် ခြင်ဖမ်းစက်များ၊ Life Line Co., Ltd. မှ ဒစ်ဂျစ်တယ် သွေးပေါင်ချိန်စက်များ၊ The One (PE Tank) မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီများ၊ Golden Lion Wire မှ အဆင့်မြင့် Cable ကြိုးနှင့် Online UPS များ၊ I.E.M မှ Khooler မီးစက်များနှင့် LiOA တံဆိပ် အီလက်ထရွန်နစ် ပစ္စည်းများ၊ Ever Seiko မှ Denyo တံဆိပ် မီးစက်များနှင့် Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူ ရေအေးစက်များ၊ Myat Kan Moe Enterprise Ltd. မှ T & J၊ CLIPSAL တံဆိပ် Switch နှင့် Socket၊ Merlin Gerin တံဆိပ် Breaker များ၊ Telemecanique တံဆိပ်၊ Contactor & Over Load Relay များ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove များ၊ Yangon City Guide မှ လမ်းညွှန် မြေပုံစာအုပ်များ၊ MNZ တံဆိပ် နောက်ဆုံးပေါ် ငွေရေစက်များ၊ Linpo မှ အုတ်ကြွပ် အမိုးပြားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် နေ့စဉ် အဝတ်လျှော်စက် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၅၈သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အံ့ဖွယ်(၇)ဖြာ နန္ဒမာတာ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသဿရ)
- ၆:၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Calsome မှ ကလေးငယ်များ ကျန်းမာရေးနှင့် အာဟာရအတွက် ပျော်ပွဲရွှင်ပွဲအစီအစဉ်)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၂)
- ၈:၃၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့ (အပိုင်း- ၂)
- ၈:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ မေခင်ကညာ ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
- ၉:၁၀ ရွှေလာငွေလာ သုံးရောင်ခြည် မာလကာ
- ၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ ကဏန်းပျော့မွေးမြူ ထုတ်လုပ်ရေး
- ၁၁:၀၀ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
- ၁၁:၁၅ သွားမယ်စားမယ် (MINN THAR GYI)
- ၁၁:၃၅ မြို့တော်ရဲ့လိုအပ်ချက်
- ၁၁:၄၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၁:၅၅ ရန်ကုန်မြင်ကွင်းကျယ် (စိန်ဂေဟာပါရမီ စင်တာဖွင့်ပွဲ)
- ၁၂:၁၅ ဖျာပုံမြို့ ဂုဏ်ဆောင် မင်းကျောင်းတော်
- ၁၂:၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၅) (သားဥကင်ဆာ)
- ၁:၀၀ **အံ့ဖွယ်(၇)ဖြာ နန္ဒမာတာ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသဿရ)
- ၂:၀၀ MRTV-4သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၂)
- ၄:၂၀ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း [ဒါရိုက်တာ- အောင်မိုး(ပဲရစ်)]
- ၄:၃၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး
- ၄:၅၅ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့ (အပိုင်း-၂)
- ၅:၂၀ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၅:၄၅ သွားမယ် စားမယ် (MINN THAR GYI)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part -1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Calsome မှ ကလေးငယ်များ ကျန်းမာရေးနှင့် အာဟာရအတွက် ပျော်ပွဲရွှင်ပွဲအစီအစဉ်)
- ၉:၀၅ ဖန်တီးသူနှင့် အနုပညာ (ချစ်သုဝေနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၂)
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၅) (သားဥကင်ဆာ)
- ၁၀:၂၀ Sports World
- ၁၀:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ မေခင်ကညာ ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
- ၁၁:၀၅ ဖန်တီးသူနှင့် အနုပညာ (ချစ်သုဝေနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁:၃၅ ရန်ကုန်မြင်ကွင်းကျယ် (စိန်ဂေဟာ ပါရမီစင်တာဖွင့်ပွဲ)
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

10-7 (11).pmd 1 7/10/2010, 1:15 AM

စပိန်တို့ ကမ္ဘာ့ဖလား ကိုင်မြှောက်နိုင်ခွင့်ရှိပါ့မလား ဗိုလ်လုပွဲ၌ အောင်ပွဲခံဖို့ ကြိုးစားမယ့် နယ်သာလန်

➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇူလိုင် ၉

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၂ရက် နံနက် ၁နာရီတွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ ဆော်ကာစီးတီး အားကစားကွင်း၌ ကျင်းပတော့မည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲသို့ စပိန်နှင့် နယ်သာလန်တို့ တက်ရောက်လာခဲ့ကြပြီဖြစ်ရာ ကမ္ဘာ့ဖလားဆွတ်ခူးပြီး လက်ဝယ်ပိုင်ပိုင် ကိုင်မြှောက်ခွင့်ရနိုင်ရေးအတွက် နှစ်သင်းစလုံး တက်ကုန်ရှက်စုံလွှင့်ကာ ခြေကုန်ဖွင့် ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။



စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ။

ဖြတ်သန်း

နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့သည့် စပိန်နှင့် နယ်သာလန်တို့ နှစ်သင်းစလုံး၏ ဖြတ်သန်းခဲ့မှု အခြေအနေက ခက်ခဲမှုရှိခဲ့သည်။ စပိန်အသင်းသည် ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အုပ်စု(ဇ)တွင်ပါဝင်ပြီး ဆွစ်ဇာလန်၊ ဟွန်ဒူးရပ်စ်၊ ချီလီတို့နှင့် တစ်အုပ်စုတည်းကျခဲ့သည်။ အုပ်စုပွဲများ ကစားခဲ့ရာတွင် ဆွစ်ဇာလန်ကို တစ်ဂိုး-ဂိုးမရှိ ဖြင့်ရှုံးခဲ့ပြီး ဟွန်ဒူးရပ်စ်ကို နှစ်ဂိုးပြတ် အနိုင်ယူကာ ချီလီကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဆက်တိုက်အနိုင်ယူခဲ့သည်။ စပိန်တို့ အုပ်စု (ဇ)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ်ရရှိကာ အုပ်စုထိပ်ဆုံးမှ ရှုံးထွက်အဆင့်ရောက်ရှိခဲ့သည်။ ရှုံးထွက်အဆင့်၌ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပါရာဂွေးကို တစ်ဂိုး-ဂိုမရှိဖြင့် အနိုင်ယူခဲ့ကာ အကြိုဗိုလ်လုပွဲသို့ ရောက်ရှိခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ နာမည်ကြီး ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

စပိန်တို့အုပ်စုပွဲမှ အကြိုဗိုလ်လုပွဲအထိ ခြောက်ပွဲကစားခဲ့ရာတွင် စုစုပေါင်း ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပေးဂိုးနှစ်ဂိုးသာရှိခဲ့သည်။ စပိန်အသင်းသည် အသင်းလိုက်စကားပုံကောင်းသည့်အပြင် တစ်ဦးချင်း နားလည်မှုလည်းရှိသည်။ တစ်ဦးချင်းအရည်အသွေးလည်း ကောင်းမွန်သည်။ ကွင်းလယ်ကစားအားတွင် ဇာဗီနှင့် အင်နီယေစတာတို့က တိုက်စစ်၊ ခံစစ်မျှအောင်ကစားနိုင်ပြီး တိုက်စစ်ကိုလည်း ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည်။ အသင်း၏ကစားအားနှင့် ကစားကွက်ကိုလည်း ထိန်းနိုင်သည်။ တိုက်စစ်တွင် ဒေးဗစ်ဗီလာ၊ တောရက်စ်၊ ပီဒရိုတို့ ရှိနေသော်လည်း ပွဲတိုင်းတိုက်စစ်က ထက်မြက်မှု အားနည်းနေဆဲပင်ဖြစ်သည်။ စပိန်အသင်း ခံစစ်အားကောင်းမှုရှိနေသည်။ ပီကေး၊ မာချေနာ၊ ပူယိုးလ်တို့က ခံစစ်ကို ခိုင်မာစွာ ကျစ်လျစ်အောင် တည်ဆောက်နိုင်ကြသည်။ ယခုကမ္ဘာ့ဖလားပွဲတွင် စပိန်တို့ ခြောက်ပွဲကစားခဲ့ရာ၌ လေးပွဲတိတိဂိုးမပေးရအောင် ကာကွယ်နိုင်ခဲ့သည်။ စပိန်ဂိုးသမား ကားဆီးလက်စ်ကလည်း သေချာပေါက်ဂိုးများကို တည်ငြိမ်စွာ ကာကွယ်နိုင်နေရာ နယ်သာလန်တိုက်စစ်မှူးများ ခက်ခက်ခဲခဲ ကျော်ဖြတ်ရမည်မှာ သေချာသည်။

ဖြစ်ပေါ်

စပိန်နည်းပြဒဲလ်ဘော့အနေဖြင့် တိုက်စစ်မှူး တောရက်စ်ကို ပွဲအစမှာပင် ထုတ်သုံးမှု ရှိမရှိ ဆုံးဖြတ်ရမည်ဖြစ်သည်။ ပီဒရိုကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုမည်မပြုမည်ကိုလည်း စောင့်ကြည့်ရမည်။ ဖာဘရီဂတ်စ်အနေဖြင့် ညာခြေထောက်ဒဏ်ရာရရှိမှု သက်သာနေပြီး လေ့ကျင့်မှုများ ပြန်လုပ်နေပြီဖြစ်ရာ နည်းပြဒဲလ်ဘော့မည်သည့်အချိန်၌ ထည့်သုံးမည်ဆိုသည်ကလည်း အသင်း၏ ကစားအား အတက်အကျကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

စပိန်တို့ ဘောလုံးကိုင်ကစားမှုသည် အဝင်အထွက်မြန်ဆန်သော နယ်သာလန်ကစားသမားများအတွက် အခွင့်အရေးရသွားနိုင်ရာ နည်းပြဒဲလ်ဘော့ သတိထားရမည်ဖြစ်သည်။ သို့သော် ဂျာမနီကို အနိုင်ယူခဲ့သည့် စပိန်အသင်း ပွဲထွက်ကစားသမားနှင့် နည်းစနစ်များကို ပြောင်းလဲမှုပြုလုပ်မည်ဟု စပိန်နည်းပြ ဒဲလ်ဘော့က ဆိုနေသည်။ စပိန်တို့ ကမ္ဘာ့ဖလားသမိုင်းတွင် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ရာ ယခုဗိုလ်လုပွဲ၌ စပိန်တို့ ကစားအားသွန်တော့မည်ဖြစ်သည်။



နယ်သာလန် တိုက်စစ်မှူး အာဂျင်ရော်ဘင်။

နယ်သာလန်တို့က ကမ္ဘာ့ဖလားသမိုင်းတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ရေးအတွက် ကစားသမားအားလုံး ရှုပ်ရှုပ်ချုံချုံဖြင့် တိုက်စစ်ဖွင့်ကစားမည် ဖြစ်သည်။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပွဲ၌ နယ်သာလန်တို့ ခြေစစ်ပွဲများ စတင်ကစားကတည်းကပင် ယခုဗိုလ်လုပွဲအထိ ထူးထူးခြားခြား ရှုံးပွဲမရှိခဲ့ချေ။ စုစုပေါင်း ၁၂ပွဲကစားခဲ့ရာ၌ သရေပွဲပင်မရှိခဲ့ဘဲ နိုင်ပွဲများချည်း ဖြတ်သန်းခဲ့သည်။ နယ်သာလန် တိုက်စစ်မှူးများကလည်း ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ရာ ကွာတားဖိုင်နယ်၌ ဘရာဇီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ခြေစွမ်းနှင့် စိတ်ဓာတ် ကကျေနပ်စရာ ကောင်းသည်။

အကြိုဗိုလ်လုပွဲရောက်ရှိ

နယ်သာလန်တိုက်စစ်တွင် ဗန်ပါစီက အလယ်ကြောမှ အလှုပ်အတိုး ရော်ဘင်က ဘယ်တောင်ပံမှ မွှေနှောက်ထိုးဖောက်မှု၊ ရှနိုက်ဒါက ကွင်းလယ်မှ အားပါပြင်းထန်သော ကန်ချက်များဖြင့် ယခုဗိုလ်လုပွဲအထိ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ နယ်သာလန်၏ ယခုကမ္ဘာ့ဖလားပွဲ ဖြတ်သန်းခဲ့ရမှုက စပိန်နှင့် မတူချေ။ အုပ်စု(င)တွင် ဒိန်းမတ်ကို နှစ်ဂိုးပြတ်၊ ဂျပန်ကို တစ်ဂိုး-ဂိုးမရှိ၊ ကင်မရွန်းကို နှစ်ဂိုးဖြင့် အနိုင်ယူကာ ရှုံးထွက်အဆင့်သို့ တက်ခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲများကစားစဉ်က နယ်သာလန် တို့ခြေစွမ်း တည်ငြိမ်ခဲ့သည်။ စိတ်ဓာတ်နှင့်အသင်းစုစည်းမှု အားကောင်းခဲ့သည်။ ရှုံးထွက်အဆင့်၌ ဆလိုဗက်ကီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘရာဇီးကို ခက်ခဲစွာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ ရောက်ရှိခဲ့သည်။ အကြိုဗိုလ်လုပွဲ၌ ဥရုဂွေးကို အနိုင်ယူပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စပိန်တို့ထက် ခက်ခဲကြမ်းတမ်းသော အဟန့်အတားများကို ကျော်လွှားခဲ့ရခြင်းဖြစ်ရာ စိတ်ဓာတ်နှင့် ခြေစွမ်းမာကျောမှုအပိုင်း၌ နယ်သာလန်တို့က သာနေသည်။

နယ်သာလန်တို့ သတိထားရမည့် အချက်မှာ ခံစစ်ကြောင်းပင်ဖြစ်သည်။ နယ်သာလန် ခံစစ်မှူးများ တိုက်စစ်မကျွံရန် သတိထားရမည်ဖြစ်သည်။ ပါးနပ်ထက်မြက်သော စပိန်တိုက်စစ်မှူးများကြောင့် နယ်သာလန်ခံစစ်ကြောင်း အမှားများဖြစ်ပေါ်လာနိုင်သည်။ ကွင်းလယ်ကစားအားတွင် ဘွန်မဲလ်တို့ အဝင်အထွက်ကြမ်းတမ်းမှုမဖြစ်ရန် ထိန်းရမည်ဖြစ်သည်။

နယ်သာလန်နည်းပြ ဗန်မာဝစ်က ရှနိုက်ဒါ၊ ရော်ဘင်၊ ဟန်တေလာ၊ ဗန်ဒါဗတ်နှင့် ဗန်ပါစီတို့အားကို အပြည့်အဝယူကာ စပိန်ကို အနိုင်ယူဗိုလ်စွဲနိုင်ရေး စီမံမည် ဖြစ်သည်။

ထိပ်တိုက်တွေ့ဆုံမှု

စပိန်နှင့် နယ်သာလန်တို့ ကမ္ဘာ့ဖလား ဘောလုံးပွဲသမိုင်းတွင် စုစုပေါင်း ရှစ်ကြိမ် ဆုံတွေ့ခဲ့ရာ နယ်သာလန်တို့က လေးပွဲနိုင်ပြီး စပိန်က သုံးပွဲနိုင်ခဲ့သည်။ သရေတစ်ပွဲဖြစ်ခဲ့ရာ အားချင်းက မျှနေသည်။ နောက်ဆုံး သုံးကြိမ်ဆုံတွေ့မှုတွင် သရေပွဲတစ်ပွဲဖြစ်ပြီး နယ်သာလန်တို့က တစ်ဂိုး-ဂိုးမရှိ၊ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မှတ်တမ်းရှိနေသည်။

ထို့ကြောင့် ၂၀၁၀ကမ္ဘာ့ဖလား ဗိုလ်လုပွဲ၌ အားချင်းမျှပြီး ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်အပိုင်းတို့တွင်လည်း မတိမ်းမယိမ်းရှိနေသော စပိန်နှင့် နယ်သာလန်တို့အတွက် ကမ္ဘာ့ဖလားဆွတ်ခူးရေး အခွင့်အရေးကား ချိန်ခွင်လျှာမျှနေမှုရှိနေသည်က အမှန်ပင်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

✧ အာကာဟိန်း - စုစည်းသည် ✧

ဥရုဂွေးအတွက် ဂိုးသွင်းမည်ဟု ဖော်လန်ပြောကြား

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ၌ ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲတွင် မိမိအနေဖြင့် ဥရုဂွေးအသင်းအတွက် ဂိုးရအောင် သွင်းယူမည်ဟု ဒီဂိုဖော်လန်က ဇူလိုင် ၉ရက်၌ ပြောကြားသည်။

ဘောလက်မပါသဖြင့် ဂျာမနီကစားပုံကောင်းခဲ့

ဂျာမနီအသင်း ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ခြေစွမ်းပြနိုင်ခဲ့ပြီး ကစားပုံကောင်းခဲ့ခြင်းမှာ မိုက်ကယ်ဘောလက်မပါခဲ့၍ဖြစ်ကြောင်း၊ ဘောလက်ပါဝင်ခဲ့ပါက အခြားကစားသမားများ ယခုကဲ့သို့ လွတ်လပ်စွာ ကစားခွင့်ရမည်မဟုတ်ကြောင်း ဂျာမနီဂန္တဝင် ဘောလုံးသမား လိုသာမာသီးရပ်စ်က ဇူလိုင်၉ရက်၌ သတင်းထောက်များအား ပြောကြားသည်။

သမိုင်းစံချိန်သစ်ရေးထိုးမည်ဟု ဒက်ကွတ်ဇ်ပြောကြား

နောက်ဆုံးဗိုလ်လုပွဲ၌ စပိန်ကိုအနိုင်ကစားပြီး နယ်သာလန်အတွက် သမိုင်းစံချိန်သစ်တင်သွားမည်ဟု နယ်သာလန်တိုက်စစ်မှူး ဒက်ကွတ်ဇ်ကပြောကြားသည်။ သုံးကြိမ်မြောက်ဗိုလ်လုပွဲတက်ခဲ့သည့် နယ်သာလန်သည် ဖလားရယူသင့်ပြီဟု ၎င်းက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားသည်။

ရော်ဘင် ပုံမှန်လေ့ကျင့်နိုင်ပြီ

နယ်သာလန်တောင်ပံကစားသမားရော်ဘင်သည် အကြိုဗိုလ်လုပွဲ၌ ဥရုဂွေးနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ခြေချင်းဝတ်ဒဏ်ရာ ပြန်လည်နာကျင်မှုဖြစ်ခဲ့သော်လည်း ဇူလိုင် ၉ရက်၌ ပုံမှန်လေ့ကျင့်နိုင်နေကြောင်း နယ်သာလန်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

တောရက်စ် ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားမည်

၂၀၁၀ကမ္ဘာ့ဖလားပွဲစဉ်တစ်လျှောက် ခြေစွမ်းမပြနိုင်ခဲ့သော စပိန်တိုက်စစ်မှူး တောရက်စ်သည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် နယ်သာလန်နှင့် ကစားမည့်ပွဲ၌ ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှားအားကစား

မြင့်မောင်စိုး - ရေးသားသည်

ကမ္ဘာ့ဖလား တတိယနေရာလုပွဲ ကလိုဆေး သံသယဖြစ်မိဟုဆို

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၉

တိုက်စစ်မှူး ကလိုဆေးသည် ကျောထိခိုက်ဒဏ်ရာရထားသော်လည်း ကမ္ဘာ့ဖလား ပြိုင်ပွဲတစ်လျှောက် ဂိုးအများဆုံး သွင်းသူဖြစ်လာရန် မျှော်လင့်ထားသည်။

အသက် ၃၂နှစ်ရှိ ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် ဥရုဂွေးနှင့် ကစားမည့် ကမ္ဘာ့ဖလား တတိယနေရာလုပွဲအဖြစ် ဇူလိုင် ၁၁ရက် နံနက် ၁နာရီတွင် ယှဉ်ပြိုင်ကစားရန် အသင့်ရှိနေသည်။ ၎င်းသည် ယင်းတတိယနေရာလုပွဲတွင် တစ်ဂိုးသာသွင်းရန်လိုသည်။ အကယ်၍ ယင်းပြိုင်ပွဲတစ်ဂိုးသွင်းမည်ဆိုပါက ကမ္ဘာ့ဖလားတွင် ဂိုးအများဆုံး သွင်းယူခဲ့သည့် ဘရာဇီးတိုက်စစ်မှူး ရိုနယ်ဒို၏ ၁၅ဂိုး စံချိန်ကို အမီလိုက်နိုင်မည်ဖြစ်သည်။ ကလိုဆေးသည် ဂျာမနီအသင်းအတွက် ပွဲပေါင်း ၁၀၀ကျော် ကစားပေးခဲ့ပြီး ဖြစ်သည်။ သို့သော် ကလိုဆေးနှင့် အသင်းခေါင်းဆောင် ဖီးလစ်လန်း ဒဏ်ရာအနည်းငယ်ရထားသဖြင့် ဥရုဂွေးကို အနိုင်ရရှိရေး သံသယဖြစ်နေကြသည်။

မျှော်လင့်

၂၀၀၆ခုနှစ်က ဂျာမနီအသင်းသည် ပေါ်တူဂီအသင်းကိုနိုင်ပြီး ကမ္ဘာ့ဖလား တတိယဆုရရှိခဲ့သည်။ အသင်းခေါင်းဆောင် ဖီးလစ်လန်းအနေဖြင့် ယင်းရလဒ်ကို ပြန်လည် ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ထားသည်။ **(အင်တာနက်)**

အနာဂတ်ကမ္ဘာ့ဖလားပွဲများ ဂိုးစည်းနည်းပညာ သုံးသင့်ဟုဆို



ဖီဖာ ဇူလိုင် ၉

အနာဂတ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပစဉ် ဂိုးဆုံးဖြတ်ရာတွင် နည်းပညာ အသုံးပြုသွားမည်ဖြစ်ကြောင်း ဖီဖာအတွင်းရေးမှူးချုပ် ဂျာရိုမီဗယ်ကေးက ပြောကြားသည်။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်းတို့ ကစားခဲ့ရာတွင် လမ်းပတ်သွင်းယူသောဂိုးမှာ ဂိုးဝင်သွားခဲ့သော်လည်း ဂိုးစည်းနည်းပညာ အသုံးမပြုခဲ့သဖြင့် အင်္ဂလန်အသင်းအတွက် အလွန်နစ်နာခဲ့ရကြောင်း ဗယ်ကေးက ဆက်လက်ပြောကြားသည်။

မိမိတို့အနေဖြင့် ၂၀၁၄ ကမ္ဘာ့ဖလား မတိုင်မီ ဂိုးစည်းနည်းပညာ အသုံးပြုရေး ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဘာမင်ဂမ်နည်းပြအား ထပ်မံ စာချုပ်ရန်ကမ်းလှမ်း



လန်ဒန် ဇူလိုင် ၉

ဘာမင်ဂမ်အသင်းနည်းပြ အဲလက်ဇ် မက်လိရှ်အား အသင်းပိုင်ရှင် ကာဆင်ယန်းနှင့် ဥက္ကဋ္ဌ ပီတာပန်နုတို့က စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းလိုက်သည်။

ကျန်ရှိနေ

အသက်(၅၁)နှစ်ရှိ မက်လိရှ်သည် စာချုပ်သစ်ချုပ်ဆိုရန် စိတ်အားထက်သန်နေသူဖြစ်သည်။ စကော့တလန်နှင့် ရိန်းဂျားအသင်းနည်းပြဟောင်း မက်လိရှ်သည် လက်ရှိ ဘာမင်ဂမ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်မှာ တစ်နှစ် ကျန်ရှိနေသေးသည်။ **(အင်တာနက်)**

မီတာ ၁၀၀ တာတိုပြေးပွဲ အူလ်စိန်ဘော့ အနိုင်ရ ဗိုလ်စွဲ

လော်ဆာနီ ဇူလိုင် ၉

ဂျမေကာနိုင်ငံသား ကမ္ဘာ့တာတိုအပြေးချန်ပီယံ အူလ်စိန်ဘော့သည် လော်ဆာနီ၌ ကျင်းပသည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ပြိုင်ပွဲတွင် စံချိန် ၉ဒသမ ၈၂စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ **(အင်တာနက်)**

အမှာစကားပြောကြား

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း (၁/၂၀၁၀)သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း(၁/၂၀၁၀) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၅၁) စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က သင်တန်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများအား ပေးအပ်သည်။

ဖွင့်လှစ်သင်ကြား

အဆိုပါ သင်တန်းကို အလုပ်သမားဝန်ကြီးဌာန အရာထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး အချေအတင် စကားပြောဆိုမှု စွမ်းရည်ရရှိရေးကို ထည့်သွင်းလေ့ကျင့်ပေးခဲ့ကာ သင်တန်းကာလမှာ မေ ၆ ရက်မှစ၍ ရက်သတ္တ ကိုးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားလူနာများအတွက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၉

မင်္ဂလာဒုံ အမှတ် (၁)တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားလူနာများအတွက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ Rothmans of Pall Mall Myanmar Pte.,Ltd. မှ ဝန်ထမ်း ၃၅ဦးတို့သည် ယနေ့ နံနက် ၈နာရီခွဲက အဆိုပါဆေးရုံကြီးသို့ လာရောက် သွေးလှူဒါန်းကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အမှတ် (၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တပ်မှူး ကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး Rothmans of Pall Mall Myanmar Pte., Ltd. မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင် (ငြိမ်း)က သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးတင့်ခိုင်ဇော်က သွေးလှူရှင်နှင့် စပ်လျဉ်း၍ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ရောဂါဗေဒဌာန ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက ဒုတိယ မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင် (ငြိမ်း)ထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားလူနာများအတွက် **Rothmans of Pall Mall Myanmar Pte.,Ltd.** မှ ဝန်ထမ်းများ သွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနိုင်

ရန်ကုန် ဇူလိုင် ၉

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပြည်နယ် ပြည်မ၊ နယ်စပ်တောင်တန်း အပါအဝင် ဒေသပေါင်းစုံမှ ကျောင်းသားလူငယ်များအတွက် အမျိုးသားအဆင့် ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်က တည်ထောင်ဖွင့်လှစ်ပေးထားသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ တက်ရောက်သင်ကြားလိုသော ကျောင်းသားတစ်ဦးအတွက် ဝင်ခွင့်အရည်အချင်းများမှာ (က) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်၊ (ခ) ပညာသင်နှစ် စတင်သည့်ရက်၌ အသက် (၂၀)ထက် မကျော်စေရ၊ (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုမရှိစေရ၊ (ဃ) အနုပညာဝါသနာပါသူဖြစ်ရမည် စသည်တို့ ဖြစ်သည်။ ရွေးချယ်မှု စနစ်မှာ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က လူတွေ့စစ်ဆေးသည်။ အနုပညာပင်ကို အရည်အသွေး၊ အနုပညာဗီဇနှင့် ဝါသနာတို့ကို အခြေခံ၍ စိစစ်ရွေးချယ်သည်။

သတ်မှတ်ထား

အချိန်ဇယားနှင့် သင်တန်းကာလအနေဖြင့် ပထမနှစ်ဝက် သင်တန်းကို နိုဝင်ဘာ ၁ရက်မှ မတ် ၃၁ရက်အထိလည်းကောင်း၊ ဒုတိယနှစ်ဝက်သင်တန်းကို မေ ၁ရက်မှ စက်တင်ဘာ ၃၀ရက်အထိလည်းကောင်း သတ်မှတ်ထားသည်။ ကျောင်းပိတ်ရက်များမှာ ဧပြီတစ်လနှင့် အောက်တိုဘာတစ်လ စုစုပေါင်း နှစ်လ သတ်မှတ်ထားသည်။

ဝိဇ္ဇာဘွဲ့အတွက် သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့အတွက် သင်တန်းကာလမှာ လေးနှစ်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များမှာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဟူ၍ ခွဲခြားသတ်မှတ်ထားပြီး အထူးပြုဘာသာရပ်အလိုက် ဘွဲ့များကိုလည်း အပ်နှင်းချီးမြှင့်သည်။

စာပေဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီဝင်၊ သချင်္ချာ၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ ရသပညာ၊ အရှေ့တိုင်းပညာတို့ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့အပြင် ဒီပလိုမာဘွဲ့များ၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့များကိုလည်း သင်ကြားပေးလျက်ရှိသည်။ အနုပညာ ကွန်ပျူတာဒီပလိုမာဘွဲ့ကို ၁၀လ သတ်မှတ်ထားပြီး အခြားဘွဲ့လွန်ဒီပလိုမာဘွဲ့များကို တစ်နှစ်သတ်မှတ်ထားကြောင်း၊ တက်ရောက်လိုသူများအား လက်ကမ်းကြိုဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၉

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အကြိမ်(၂၀)မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီရှိ ရောဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းနှင့်အတူ နီးစပ်ရာ အမှုဆောင်များသို့ ပေးပို့ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဦးကြည်ဆန်း ဖုန်း-၇၀၉၈၉၀၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၈၀-၂၅၈၈၈၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁-၈၉၄၅၈နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၁-၇၃၀၀၂၀၆၂ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရေချိုငါးပုစွန်မွေးမြူရေး သံဖြူဇရပ်တွင် ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဇူလိုင် ၉

သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှမင်းဇော်၊ လက်ထောက်ဦးစီးမှူး ဒေါ်ရီရီတင်၊ ဒေါ်သိန်းသိန်းအေးတို့ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၇ရက်က သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာရှိ ပြည့်ဖြိုးကျော်ကုမ္ပဏီ၏ ရေချိုပုစွန်မွေးမြူရေးနှင့် ပုစွန်ဖြူဖော်ထုတ်ဖမ်းယူမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည့်ဖြိုးကျော် ရေချိုပုစွန်မွေးမြူရေးကုမ္ပဏီ၏ ရုံးချုပ်မန်နေဂျာ ဦးဌေးမောင်၊ လက်ထောက်မန်နေဂျာ ဦးဇော်မိုးဟိန်းတို့က ပုစွန်ကန်များ ဖော်ထုတ်မှုကို ရှင်းလင်းပြသသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးသည်။ **(ဝဲပုံ)**

မွေးမြူခဲ့

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ပြည့်ဖြိုးကျော်ကုမ္ပဏီမှ ရေချိုပုစွန်ဖြူကောင်ရေ ခုနစ်သိန်းနှစ်သောင်း မွေးမြူခဲ့ရာ ဖော်ထုတ်မှုတန်ချိန် ငါးတန်ခန့်ရရှိခဲ့သည်။ ပုစွန်ဖြူအမျိုးအစားမှာ မွေးမြူချိန်တိုတောင်းပြီး ကြီးထွားနှုန်းနှင့် အထွက်နှုန်းကောင်းခြင်း၊ အရသာကောင်းမွန်သော ပုစွန်အမျိုးအစားဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများအုပ်စုလိုက်ဝင်ရောက်ဖျက်ဆီးခဲ့ ပျက်စီးဆုံးရှုံးခဲ့ရသောမိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ ကြွက်သေများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးစေခဲ့ရာမည်သည့်ရောဂါပိုးမျှ မတွေ့ရှိရ

နေပြည်တော် ဇူလိုင် ၉

ပြီးခဲ့သည့် ဇွန်လနောက်ဆုံးရက်သတ္တပတ်ဝန်းကျင်က ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ပြီး မိုးစပါးကြဲခင်းနှင့် ပျိုးခင်းများကို ကိုက်ဖြတ်ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူများက တုတ်၊ လေးခွများ အသုံးပြု၍ သတ်ဖြတ်နှိမ်နင်း ခြောက်လှန့်မောင်းထုတ်ခဲ့ရကြောင်း သိရသည်။

ကြွက်များဖျက်ဆီးခံရမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသောမိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းပညာပေးခြင်း၊ ပျက်စီးမှုများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ ကြွက်နှိမ်နင်းအစာတုံးနှင့် ထောင်ချောက်များ အသုံးပြုဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါကြွက်များအုပ်စုဖွဲ့၍ သွားလာဖျက်ဆီးမှုများ မရှိတော့ကြောင်းနှင့် သေဆုံးခဲ့သည့် ကြွက်သေများကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးစေခဲ့ရာ မည်သည့်ရောဂါပိုးမျှ မတွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေး ကြိုတင်ကာကွယ်ရေး တာချီလိတ်၌ ကွင်းဆင်းဆောင်ရွက်

တာချီလိတ် ဇူလိုင် ၈

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဈေးများမီးဘေးလုံခြုံမှုစစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ကျော်နိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ရက် မွန်းလွဲ ၁နာရီက မြို့မဈေးကြီးအတွင်း မီးသတ်ယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးဆောင်ရွက်ထားရှိမှု၊ ဈေးအတွင်း မီးသတ်ရေငုတ်များ၊ မီးသတ်ဆေးဘူးများထားရှိမှု၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၏ မီးသတ်စက်များ လက်တွေ့ကိုင်တွယ်အသုံးပြုမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(၀၁၆)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ညောင်ဦးခရိုင်၌ ကျင်းပ

ညောင်ဦး ဇူလိုင် ၇

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်က ညောင်ဦးမြို့နယ် အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ခံယူသည်။ ဆက်လက်၍ ခရိုင်တရားသူကြီး ဒေါ်မြင့်မြင့်စန်းက အမျိုးသမီးများ၏ အခွင့်အရေးနှင့်သက်ဆိုင်သည့် ဥပဒေရေးရာများကိုလည်းကောင်း၊ ပုဂံအထကမှ ဆရာမ ဒေါ်ရင်ရင်ဆွေက အမျိုးသမီးများ၏ ယဉ်ကျေးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသူများ၊ တိုင်းအဆင့်စာပေထူးချွန်ဆုရသူ၊ တိုင်းအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (မဟာဂီတ)ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် စပါးရွှေဝါလမ်းနှင့် အရာရှိရိပ်သာလမ်းဆုံ၌ ကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်းကို ဇွန် ၂၉ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

သတင်းစာများ ကိုယ်ပွားသတင်းစာတိုက်သို့ တိုက်ရိုက်မှာယူနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှဖြန့်ချိသည့် နေ့စဉ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာများအား မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း မြို့နယ်၊ ကျေးရွာများမှ တစ်ဦးချင်း ဝယ်ယူဖတ်ရှုလိုသူများအနေဖြင့် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ တိုက်ရိုက်ဆက်သွယ်မှာကြားနိုင်သည့်အပြင် ကြော်ငြာထည့်သွင်းလိုသူများ၊ စီးပွားရေးအချုပ်ပိုကြော်ငြာလုပ်ငန်း ဆောင်ရွက်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)

(၂၀×၂၁)လမ်းကြား၊ (၈၂×၈၃)လမ်းကြား၊

ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့၊

ဖုန်း-၀၂-၇၃၂၁၉၊ ၀၂-၃၂၇၂၉၊ ၀၂-၃၉၉၃၅။

ကြော်ငြာစာ

မန္တလေးမြို့၊မဟာအောင်မြေမြို့နယ်၊ရဲမွန်တောင်ရပ်ကွက်၊အကွက်အမှတ်-၆၊ ဦးပိုင်အမှတ်(၅၂)၊ ၅၇ လမ်း×၅၈လမ်း၊ ၃၉ လမ်း×လမ်း ၄၀ ကြား ဦးသိန်းဝင်း အမည်ပေါက် မြေကွက်အား ဦးကြည်ပါ(၃) ၉/မနတ(နိုင်)၀၁၈၃၇၉ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၉ ခုနှစ် ဇာရီမှုအမှတ်-၁၀

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ၎င်း၏မန်နေဂျာ အမှတ်-၁/၇၊လသာလမ်း၊(၃)ရပ်ကွက် လသာမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးသန်းဌေးအောင် ၂။ ဒေါ်ဝေဝေဝင်း အမှတ်-၄၈၉(က)၊ မင်္ဂလာလမ်း ၊ (၂၄)ရပ်ကွက်၊ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ ခုနှစ် တရားမမှုအမှတ်-၁၈၇တွင် ၁၃၃၅၅၈၇၈ ကျပ် ၇၉ ပြားအတွက် ဒီကရီအတည်ဇာရီပြုစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၀ ခုနှစ် ဩဂုတ် ၁၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာမှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါတရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ချယ်ရီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၁၄၆(က+ခ)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂၂×၂၅)ပေကျယ် အပေါ်ထပ်လျှာထိုးခင်း၊ အောက်ထပ်သမံတလင်းခင်း၊ အုတ်ကာ၊ သွပ်မိုး၊ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေးမှာ ငွေကျပ်သိန်း၂၃၀။ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှ ဖြစ်သည်။ သို့သော်လည်းကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်း တစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက် နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ အများဆုံး တိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့် အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန် မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ်-၂၁၊ နည်းဥပဒေ-၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမှုပျက်ကွက်လျှင်ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေ ၁၀၀လျှင် ၂၅ကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ပေးသွင်းခြင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်း ဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့် အချိန်ကာလအတွင်းဆွဲဝယ်ရာ ကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကို ပေးပြီးနောက် ရုံးတော်ကသင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေး မဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ် စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၀ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း

တွဲဖက်တိုင်းတရားသူကြီး(၆)

ရန်ကုန်တိုင်းတရားရုံး။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) (၄)နှစ်သင်တန်းအတွက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၂၀၀နှင့် အမျိုးသမီးဦးရေ ၂၀၀ စုစုပေါင်း ၄၀၀လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေး (က)အဆင့် ရှိရမည်။

(ဃ) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်ဖြေဆိုရမည်။

(င) လူတွေ့စစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A-4 Size) ဖြင့် ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ် ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ)

(ခ) အမှတ်စာရင်း(မိတ္တူ)

(ဂ) နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)၊

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် (မူရင်း)။

၆။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်း-နေပြည်တော် လိပ်မူ၍ ၃၀-၇-၂၀၁၀ရက် (သောကြာနေ့) နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်စာရင်းကို ဤတက္ကသိုလ်တွင် အချိန်မီထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။ ဖြေဆိုခွင့်ရရှိသူများသည် ၁၃-၈-၂၀၁၀ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာနတွင် သတင်းပို့ရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါအတိုင်း စစ်ဆေးမည်။

(က) အင်္ဂလိပ်စာ(၂)နာရီမေးခွန်း ၁၄-၈-၂၀၁၀ရက် (စနေနေ့)
နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ

(ခ) ဇီဝဗေဒ(၃)နာရီမေးခွန်း ၁၅-၈-၂၀၁၀ရက် (တနင်္ဂနွေနေ့)
နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ

၉။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများအား လူတွေ့နှုတ်မေးစစ်ဆေးမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာပါမည်။ **လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)**နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၅၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
(၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည် (အပြည့်အစုံ) .... နိုင်ငံသားစိစစ်ရေးကတ်အမှတ်........................

၂။ မွေးသက္ကရာဇ် (ခုနှစ်၊လ၊ရက်) ....

၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်.................ခုနှစ် .... စာစစ်ဌာန...................

၄။ လူမျိုး .... ကိုးကွယ်သည့်ဘာသာ ....

၅။ အမြဲနေထိုင်သောလိပ်စာ ....
....

၆။ ဆက်သွယ်ရန်လိပ်စာ ....
....

၇။ ဖခင်အမည် .... နိုင်ငံသားစိစစ်ရေးကတ်အမှတ် ....
အလုပ်အကိုင် ....
မိခင်အမည် .... နိုင်ငံသားစိစ်ရေးကတ်အမှတ် ....
အလုပ်အကိုင် ....

၈။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ ။ ------------ ------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ ။ ----------- ----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀)တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရောဝတီတိုင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဇူလိုင် ၉

ရောဝတီတိုင်းတွင် ဇူလိုင် ၉ရက်အထိ မိုးစပါး ၁၇၇၁၀၀၉ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀)ကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀)ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားချက်များအား စိစစ်ခွင့်ပြုခြင်း၊ မဲဆန္ဒနယ်များ ခွဲခြားခြင်း၊ မဲစာရင်းပြုစုခြင်း၊ မဲရုံနေရာ သတ်မှတ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၉)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ

စာမျက်နှာ ၆ ကော်လံ ၁ ❍